# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက် | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၃၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများအား တွေ့ဆုံအမှာစကားပြောကြား

## မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏ တည်ရှိပုံပထဝီအနေအထားအရ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိပြီး နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ရန်အတွက် ပြည်ပတွင် တာဝန်ထမ်းဆောင်နေကြသည့် သံတမန်ဝန်ထမ်းများတွင် တာဝန်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ ❖


ယနေ့ ဖတ်စရာ

အခါက်ရွှေဈေးနှင့်ပတ်သက်၍ အွန်လိုင်းထက်တွင် ကောလာဟလဖြန့်ဝေမှုများရှိခဲ့ရာ တရားဝင် ကြေညာချက်များကိုသာ ယုံကြည်ရန် YGEA ဥက္ကဋ္ဌပြော — ပြည်တွင်းသတင်း စာ ၄

ဂုဏ်ယူစွာဖြင့် အမှုတော်ထမ်းရွက် — ဆောင်းပါး စာ ၁၀

ပွဲရှာတတ်သော အရေခြုံမီဒီယာများ၏ လုပ်ကြံသတင်းများနှင့် ပတ်သက်၍ ... — ဆောင်းပါး စာ ၁၆

# ခေတ်သမိုင်းတာဝန်ကျေပွန်ကြစို့

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ ပြည်သူလူထုအတွင်း အသိအမြင်၊ နားလည်မှုလွဲမှားစေရန်၊ ထင်ယောင်ထင်မှား ဖြစ်စေရန် ပြည်ဖျက်မီဒီယာတို့က သွေးထိုးလှုံ့ဆော်မှု၊ သတင်းတု သတင်းမှား ထုတ်လွှင့်မှုတို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ရှင်းလင်းပြောကြားမှုများ စဉ်ဆက်မပြတ်ပြုလုပ်၍ အများပြည်သူ မှန်ကန်စွာသိနားလည် လာစေရန် ဆောင်ရွက်နေရသည်။ မမှန်မကန် ဝေဖန်မှုများနှင့် သွေးထိုးလှုံ့ဆော်မှုများကြောင့် အချို့သော ပြည်သူလူထုကြား ထဲတွင် စိုးရိမ်ပူပန်မှုတို့ ဖြစ်ပေါ်လျက်ရှိသော်လည်း အခြေအနေ၊ အချိန်အခါနှင့် ကိုက်ညီစွာ စတင်အာဏာသက်ဝင်လာသည့် ပြည်သူ့စစ်မှုထမ်းဥပဒေအား အနယ်နယ်အရပ်ရပ်မှ ပြည်သူ များက တစ်ခဲနက်ဆန္ဒထုတ်ဖော်ကြိုဆိုထောက်ခံနေကြသည့် မြင်ကွင်းများကို တွေ့ရသည်။

နိုင်ငံကို ပြည်တွင်းရန်၊ ပြည်ပရန်တို့မှ ကာကွယ်နိုင်ရန်အတွက် မိမိတို့နိုင်ငံနှင့်ကိုက်ညီမည့် စစ်မဟာဗျူဟာများကို ရေးဆွဲချမှတ်ကာ အသင့်အနေအထားရှိအောင် နိုင်ငံတိုင်းက ကြိုးပမ်း တည်ဆောက်ထားကြရသည်။ ပထဝီအနေအထားအရ မြန်မာ နိုင်ငံနှင့်အသင့်တော်ဆုံးသော စစ်မဟာဗျူဟာသည် ပြည်သူ့ စစ်မဟာဗျူဟာဖြစ်ပြီး အကောင်အထည်ဖော်နိုင်ရန်အတွက် ၁၉၆၄ ခုနှစ် တပ်မတော်တပ်မှူးများ ညီလာခံတွင် စတင်ဆွေးနွေး ကာ ၁၉၆၇ ခုနှစ်တွင် ပြည်သူ့စစ်မဟာဗျူဟာကို လက်ခံရေးဆွဲခဲ့ သည်။ ယင်းမတိုင်မီ ၁၉၅၉ ခုနှစ်ကတည်းက “ပြည်သူ့ စစ်မှုထမ်း ဥပဒေ” ပြဋ္ဌာန်းထားခဲ့ရာ နှစ်ပေါင်း ၅၀ ကျော်ပြီးနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် တွင် ၎င်းဥပဒေကို ပြင်ဆင်ကာ ဥပဒေအမှတ်(၂၇/၂၀၁၀) အဖြစ် ပြင်ဆင်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါဥပဒေသည် ၁၄ နှစ်ခန့် ကြာမြင့်ပြီးနောက်မှ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် စတင်အာဏာသက်ဝင်လာခဲ့ခြင်းပင်ဖြစ်သည်။

စင်စစ်ပြည်သူ့စစ်မဟာဗျူဟာသည် မြန်မာတို့အတွက် အစိမ်းသက်သက်မဟုတ်ဘဲ သမိုင်းတစ်လျှောက်လုံးတွင် ကျင့်သုံး ခဲ့သည့် စစ်မဟာဗျူဟာပင်ဖြစ်သည်။ ပုဂံခေတ်မှစ၍ ကုန်းဘောင် ခေတ်နှောင်းအထိ ရာစုနှစ်များစွာ အမြဲတမ်းတပ်မတော်ဟူ၍ မရှိခဲ့။ ဘုရင့်နေပြည်တော်အရပ်လေးမျက်နှာကို စောင့်ကြပ်ကြ သည့် စစ်သူရဲ ၄၀၀၀ နှင့် တပ်မှူးလေးဦးတို့မှလွဲလျှင် တိုင်းပြည် အတွက် စစ်မက်အရေး ပေါ်ပေါက်သည့်အခါမှသာ ရဲရင့်ကျန်းမာ သန်စွမ်းသူတို့ကို ဆင့်ခေါ်၊ စုရုံး၊ ဖွဲ့စည်းတိုက်ခိုက်ခြင်းဖြစ်သည်။ လိုအပ်လာလျှင် အဆင်သင့်ဆင့်ခေါ်နိုင်ရန်အတွက် မြို့ပြကြီးငယ် ကိုလိုက်၍ ထောင်ပြုမြို့၊ ရာပြုမြို့၊ ဆယ်ပြုမြို့ စသည်ဖြင့် မြို့ပြ များကို တည်ရပြီး ပုဂံခေတ်တွင် အနော်ရထာမင်းက ဤစနစ်ကို စတင်တီထွင်ခဲ့သည်ဟု မှတ်သားရသည်။ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင် စသည့်ခေတ်များတစ်လျှောက် လုံး ပြည်သူများသည် သာမန်အချိန်တွင် ကုန်သွယ်လယ်လုပ်များ ဖြစ်ကြသော်လည်း စစ်ရေးစစ်ရာပေါ်ပေါက်လာသည့်အခါတွင် စစ်သည်တော်များအဖြစ် ပြောင်းလဲသွားကြခြင်း ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ၊ အမျိုးသားစစ်မှုထမ်းစနစ် (National Service) သည် အနာဂတ်ကာလများသို့တိုင် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းဖြစ်သည်။ မြန်မာနိုင်ငံ ၏ အသက်သွေးကြောဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန် မြန်မာနိုင်ငံသားအားလုံးတွင် တာဝန် ရှိသည့်အလျောက် နိုင်ငံသားတိုင်း စစ်ပညာ၊ နိုင်ငံတော်ကာကွယ် ရေးပညာ တတ်မြောက်ထားကြရန်လိုသည်။ ရေရှည်တွင် နိုင်ငံ သားအားလုံး စစ်ပညာတတ်မြောက်လာကြသည်နှင့်အမျှ နိုင်ငံ၏ ကာကွယ်ရေးစွမ်းအားလည်း ပို၍ပို၍ မြင့်မားလာမည်ဖြစ်သည်။ စိတ်ဓာတ်ရေးရာအရလည်း အမျိုးသားရေးစိတ်ဓာတ်ရှင်သန်လာ မည်ဖြစ်သကဲ့သို့ အတူတကွတာဝန်ထမ်းဆောင်ကြရင်း ပိုမို၍ စည်းလုံးညီညွတ်၊ ရင်းနှီးချစ်ခင်လာကြမည်ဖြစ်သည်။ နိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် မိမိတို့ခေတ်တွင် ကျရောက်လာသည့် သမိုင်းပေးတာဝန်ကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်ကြရပါမည့် အကြောင်း။ ။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မြန်မာ့ပင်လယ်ပြင် အခြေအနေ မှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့် အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သက် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထား လိုက်သည်။

# မစ္စစ် ပွန်နမ်ပီရှူမား အာရာချ်ချီဂီ ပရာဘာရှိနီ ပွန်နမ်ပီရှူမား အား သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျေအမ် ဂျန်နကာ ပရီယန်သာ ဘန်ဒါရာ နေရာတွင် မစ္စစ် ပွန်နမ်ပီ ရှူမား အာရာချ်ချီဂီ ပရာဘာရှိနီ ပွန်နမ်ပီရှူမား အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စစ် ပွန်နမ်ပီရှူမား အာရာချ်ချီဂီ ပရာဘာရှိနီ ပွန်နမ်ပီရှူမားကို ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် ၁၉၉၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ဒေလီတက္ကသိုလ်မှ သိပ္ပံဂုဏ်ထူးဘွဲ့ (သတ္တဗေဒ)ကိုလည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၊ ဆရီဂျယာဝါ ဒီနာပူရာ တက္ကသိုလ်မှ မဟာသိပ္ပံဘွဲ့ (ရေသတ္တဝါ အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါးလုပ်ငန်း) ကိုလည်း ကောင်း၊ ၂၀၁၃ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၊ မိုနာ့ရှ်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ (နိုင်ငံတကာဆက်ဆံရေး) ကိုလည်းကောင်း ရရှိ ခဲ့သည်။

၎င်းသည် ၂၀၀၃ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး ဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် စတင်ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အမေရိကန် ပြည်ထောင်စုရှိ သီရိလင်္ကာသံရုံး၊ မလေးရှားနိုင်ငံရှိ သီရိလင်္ကာ မဟာမင်းကြီးရုံး၊ ဘယ်လ်ဂျီယံနိုင်ငံရှိ သီရိလင်္ကာသံရုံး/ဥရောပ သမဂ္ဂဆိုင်ရာ သီရိလင်္ကာ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် အီတလီနိုင်ငံရှိ သီရိလင်္ကာကောင်စစ်ဝန်ချုပ်ရုံးတို့၌ သံတမန်ရာထူး အဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စစ် ပွန်နမ်ပီရှူမား အာရာချ်ချီဂီ ပရာဘာရှိနီ ပွန်နမ်ပီရှူမားသည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ လက်ရှိအချိန်အထိ နိုင်ငံခြားရေးဝန်ကြီး ဌာန၊ အာဖရိကဌာနတွင် ခေတ္တညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန် ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားတစ်ဦးရှိသည်။

**သတင်းစဉ်**

# ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာအင်မရန်ဟိုက်ဒါအား ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ အင်မရန် ဟိုက်ဒါ အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အင်မရန် ဟိုက်ဒါကို ပါကစ္စတန်နိုင်ငံ၊ လာဟိုးမြို့၌ ၁၉၆၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၅ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ ပါကစ္စတန်နိုင်ငံ၊ လာဟိုးမြို့ရှိ အစိုးရ ကောလိပ်တွင် အထက်တန်းကို တက်ရောက်အောင်မြင်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ၊ လာဟိုးမြို့ရှိ အစိုးရကောလိပ်မှ ဝိဇ္ဇာဘွဲ့ကို လည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ၊ လာဟိုးမြို့ရှိ ပန်ဂျပ် တက္ကသိုလ်မှ အင်္ဂလိပ်ဘာသာနှင့် စာပေပိုင်းဆိုင်ရာ မဟာဘွဲ့ကို လည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၊ ကာတင် တက္ကသိုလ်မှ လူ့အခွင့်အရေးဆိုင်ရာ မဟာဘွဲ့ကိုလည်းကောင်း ရရှိခဲ့ သည်။

၎င်းသည် ဝင်ငွေခွန်ဌာနတွင် လက်ထောက်ကော်မရှင်နာအဖြစ် ၁၉၉၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၉၆ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန နှင့် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ ပါကစ္စတန်အမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ ဆိုင်ရာ ပါကစ္စတန်သံရုံး၊ အိန္ဒိယနိုင်ငံဆိုင်ရာ ပါကစ္စတန်မဟာမင်းကြီး ရုံး၊ စပိန်နိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံး၊ အီရန်နိုင်ငံဆိုင်ရာ ပါကစ္စတန် သံရုံးတို့၌ သံတမန်ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင် ခဲ့သည်။ ၎င်းသည် ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ တာဂျစ်ကစ္စတန်နိုင်ငံ ဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ အင်မရန် ဟိုက်ဒါ သည် ၂၀၂၃ ခုနှစ်၊ ဧပြီလမှ လက်ရှိ အချိန်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဗဟိုအာရှနိုင်ငံများနှင့် စီးပွား ရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဆိုင်ရာဦးစီးဌာနတွင် ညွှန်ကြားရေးမှူး ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။

**သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ပြည်ထောင်စုနေ့နှင့် အမျိုးသားရေးတာဝန်”** ခေါင်းစဉ်ဖြင့် ဖေဖော် ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွား မည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အပါယ်မကြောက်၊ ငရဲမကြောက် သတ်ဖြတ်နေကြသူများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပရောက် မြန်မာနိုင်ငံသားများသည် မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံသားများပင်ဖြစ်သည့်အတွက် ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများကို တတ်နိုင်သရွေ့ ဖြေရှင်းဆောင်ရွက်ပေးရန်တာဝန်ရှိ

❖ *ရွှေဖုံးမှ*

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေး ပုဂ္ဂိုလ်များ၊ ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ပြည်ပနိုင်ငံများသို့ သွားရောက် တာဝန်ထမ်းဆောင်ကြမည့် သံအမတ်ကြီးများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။

## နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများအား ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၏ အခြေအနေများကို မျက်မြင်တွေ့နိုင်ရေးအတွက် ပြည်ထောင်စုနေ့ အခါသမယတွင် ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် တိုက်ရိုက်သက်ဆိုင်နေသည့် သံတမန်များအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေမှန်ကို သိရှိရန်လိုပြီး လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေနှင့် ဖြစ်ပေါ်လာသည့် အကြောင်းအရာများကို ပြောကြားလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်လျက်ရှိသည်မှာ ၃ နှစ်ရှိခဲ့ပြီဖြစ်ကြောင်းဖြင့် ဦးစွာ ပြောကြားပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုနှင့် အဆိုပါမဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော် အာဏာကို အတင်းအဓမ္မရယူရန် ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ် အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ခဲ့ရမှု အခြေအနေများ၊ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီးနောက်ပိုင်း ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များနှင့် ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်များအား ထုတ်ပြန်ခဲ့ပြီး တာဝန်ရှိသူများကို ဖော်ထုတ်၍ အရေးယူဆောင်ရွက်ခဲ့မှု အခြေအနေများ၊ စတင်တာဝန်ထမ်းဆောင်စဉ် အစောပိုင်းကာလများ၌ ဆူပူဆန္ဒပြမှုများ သာရှိခဲ့သော်လည်း နောက်ပိုင်းတွင် နိုင်ငံရေးအရ ဖြစ်ပေါ်ခဲ့သည့် ပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းခြင်းမပြုဘဲ အကြမ်းဖက်သည့်နည်းလမ်းကို ရွေးချယ်ခဲ့ကာ တရားမဝင်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG တို့ကို ဖွဲ့စည်း၍ ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများဖြင့် ၂၀၂၂ ခုနှစ် အတွင်း၌ အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာခဲ့သည့် အခြေအနေများ၊ ထိုကဲ့သို့ နိုင်ငံရေးအခက်အခဲ၊ အကျပ်အတည်းများ ဖြစ်ပေါ်ခဲ့သည့်ကြားကပင် ကိုဗစ်-၁၉ ကပ်ရောဂါကိုလည်း သစ္စာရှိအစိုးရဝန်ထမ်းများ၊ ပြည်သူလူထုများ၏ ဝိုင်းဝန်းပါဝင်မှုဖြင့် ဖြေရှင်းနိုင်ခဲ့သည့် အခြေအနေများ၊ ၂၀၂၃ ခုနှစ် အတွင်း၌ PDF အမည်ခံအကြမ်းဖက်သမားများ အနေဖြင့် နိုင်ငံအတွင်းရှိ အချို့မြို့နယ်များ၌ အကြမ်းဖက်လုပ်ရပ်များကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်လာခဲ့သည့် အခြေအနေများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချို့အနေဖြင့်လည်း PDF အမည်ခံအကြမ်းဖက်သမားများအား အကြမ်းဖက်သင်တန်းပေးခြင်း၊ လက်နက်၊ ခဲယမ်းများ ရောင်းချပေးခြင်း၊ ၎င်းတို့နှင့် အတူတကွ ပူးပေါင်း၍ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ အလိုမတူသူများအား ခြိမ်းခြောက်သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လာခဲ့သည့် အခြေအနေများ၊ ထို့ပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချို့၏ နယ်မြေများ၌လည်း လက်နက်ကိုင်အကြမ်းဖက်မှုများ ဖြစ်ပေါ်လာခဲ့သောကြောင့် တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူများနှင့် အတူတကွပူးပေါင်း၍ အကြမ်းဖက်မှုနှိမ်နင်းရေး စစ်ဆင်ရေးကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်ပတ်သက်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုများ၊ ငွေကြေးလိမ်လည်မှုများကို အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းတိုက်ဖျက်လျက်ရှိသည့် အခြေအနေများ စသည်ဖြင့်နိုင်ငံအတွင်း ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

## နိုင်ငံ့ဝန်ထမ်းများ ပါတီနိုင်ငံရေး ကင်းရှင်းရေး

ဆက်လက်ပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ နိုင်ငံ့ဝန်ထမ်းအချို့သည်လည်း CDM လှုပ်ရှားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်မှုများရှိခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင်လည်း နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဖြစ်ကြောင်းကို ဥပဒေအရပြဋ္ဌာန်းထားရှိပြီး မိမိတို့ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း ပါဝင်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများသည် ၎င်းတို့ ထောက်ခံသည့် ပါတီကို မဲပေးနိုင်သည်ဖြစ်သော်လည်း လုပ်ငန်းတာဝန် ထမ်းဆောင်မှုအပေါ် သက်ရောက်မှုမရှိစေရန်လိုကြောင်း၊ ပါတီနိုင်ငံရေးနှင့် နိုင်ငံ့တာဝန်ထမ်းဆောင်မှုကို ကွဲပြားစွာ သိရှိရန်လိုကြောင်း၊ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံ့ဝန်ထမ်းများသည် အစိုးရအတွက်အလုပ်လုပ်ခြင်းမဟုတ်ဘဲ နိုင်ငံ့အတွက် အလုပ်လုပ်ခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ရန်လိုကြောင်း။

## နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ပကတိ အခြေအနေမှန်များကို နိုင်ငံတကာမှ သိရှိရေး

မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏ တည်ရှိပုံပထဝီအနေအထားအရ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိပြီး နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကို အကောင်**အထည်ဖော်ရန်အတွက် ပြည်ပတွင် တာဝန်ထမ်းဆောင်နေကြသည့် သံတမန်ဝန်ထမ်းများတွင် တာဝန်ရှိကြောင်း**၊ အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို မျက်ခြည်မပြတ်စေဘဲ မိမိတို့၏ မူဝါဒကို အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်း၊ အဖွဲ့အစည်းများတွင် ပါဝင်နေသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ သို့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေး ပဋိပက္ခဖြစ်စဉ်များကြောင့် မိမိတို့အပေါ် အရေးယူပိတ်ဆို့မှုများ၊ ဖိအားပေးမှုများ ရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေမှန်များနှင့် လက်ရှိဖြစ်ပေါ်နေသည့် **ပကတိအခြေအနေမှန်များကို နိုင်ငံတကာမှ သိရှိစေရေးအတွက် သက်ဆိုင်ရာနိုင်ငံများအလိုက် ဆောင်ရွက်ကြရန်လို**ကြောင်း၊ မိမိတို့နိုင်ငံအပြင် အခြားဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့်လည်း အချို့နိုင်ငံကြီးများ၏ မမျှမတ ဖိအားပေးဆက်ဆံမှုများ၊ နိုင်ငံရေး၊ စီးပွားရေးအရ လွှမ်းမိုးပိတ်ဆို့မှုများကို ကြုံတွေ့နေရမှုများ ရှိသဖြင့် နိုင်ငံ့အကျိုးစီးပွားအတွက် ကြံ့ကြံ့ခံကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **နိုင်ငံ့အကျိုးအတွက် ပြောသင့်ပြောထိုက်သည်များ၊ လုပ်သင့်လုပ်ထိုက်သည်များကို မိမိတို့ တွေ့ကြုံနေရသည့် အခြေအနေများ၊ သံတမန်အတွေ့အကြုံများအရ ချိန်ထိုးချင့်ချိန်၍ ဆောင်ရွက်ကြရန်လို**ကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံများအလိုက် မြန်မာနိုင်ငံ၏ အခြေအနေမှန်များကို သိရှိစေရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## နယ်ပယ်အလိုက် သံတမန်လုပ်ငန်းရပ်များ အောင်မြင်စေရေးနှင့် ပြည်ပရောက် မြန်မာနိုင်ငံသားများအား အကူအညီပေးရေး

သံတမန်ဝန်ထမ်းများ၏ သဘောတရားမှာ နယ်ပယ်ပေါင်းစုံ၌ ဆက်ဆံမှုတိုးမြှင့်နိုင်ရေးပင်ဖြစ်ပြီး အရေးကြီးသည့် တာဝန်များကို ထမ်းဆောင်နေရခြင်းဖြစ်ကြောင်း၊ မိမိတို့ **လုပ်ဆောင်နိုင်သည့် နယ်ပယ်များအလိုက် လုပ်ဆောင်နိုင်မှုများကို ထိရောက်စွာ အသုံးချ၍ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာအရ ဆက်ဆံမှုတိုးမြှင့်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ထိုကဲ့သို့ ဆက်ဆံမှုတိုးမြှင့်လာပြီး ပုဂ္ဂိုလ်ရေးအရ၊ လုပ်ငန်းသဘောအရ ရင်းနှီးမှုများသည် လုပ်ငန်းတာဝန်များကို အောင်မြင်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် လူမျိုးအပေါ် သစ္စာရှိစွာဖြင့် တာဝန်သိစိတ်၊ တိုင်းပြည်ချစ်စိတ်များဖြင့် တာဝန်ထမ်းဆောင်ကြစေလိုကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ ကုန်သွယ်မှုမြှင့်တင်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများမှ တင်ပို့လိုသည့်ပစ္စည်းများ၊ ၎င်းတို့ လိုအပ်သည့်ပစ္စည်းများ၊ မိမိတို့နိုင်ငံမှ တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းများကိုလည်းသိရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံနှင့် နိုင်ငံသားတို့၏ စီးပွားမြှင့်တင်နိုင်ရေးအတွက် အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူ အများအပြားရှိသဖြင့် ၎င်းတို့အား အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေး၊ စဉ်ဆက်မပြတ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရပ်များ ရရှိလာပါက ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများ ဖြစ်ပေါ်စေပြီး နိုင်ငံအတွက်လည်း အကျိုးရှိနိုင်မည်ဖြစ်သဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

**ပြည်ပရောက် မြန်မာနိုင်ငံသားများသည် မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံသားများပင် ဖြစ်သည့်အတွက် ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများကို တတ်နိုင်သရွေ့ ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိ**ကြောင်း၊ မြန်မာနိုင်ငံသားတိုင်းသည် အကြောင်းအမျိုးမျိုးကြောင့်သာ အခြားနိုင်ငံများသို့ ရောက်ရှိနေရသည်ဖြစ်သော်လည်း မြန်မာနိုင်ငံသားဟူသည့် စိတ်ရှိသည်ဖြစ်သဖြင့် ၎င်းတို့အတွက် အင်အားတစ်ခုရရှိစေရေး၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိစေရေးအတွက် သံတမန်ဝန်ထမ်းများအနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း ရေခြားမြေခြားတွင် နိုင်ငံ့တာဝန်များကို သွားရောက် တာဝန်ထမ်းဆောင်နေသည့် သံတမန်ဝန်ထမ်းများ၏ ရသင့်ရထိုက်သည့် ရပိုင်ခွင့်များ၊

*စာမျက်နှာ ၄ သို့*

○ **နိုင်ငံ့အကျိုးအတွက် ပြောသင့်ပြောထိုက်သည်များ၊ လုပ်သင့်လုပ်ထိုက်သည်များကို မိမိတို့တွေ့ကြုံနေရသည့် အခြေအနေများ၊ သံတမန်အတွေ့အကြုံများအရ ချိန်ထိုးချင့်ချိန်၍ ဆောင်ရွက်ကြရန်လို**

○ **လုပ်ဆောင်နိုင်သည့် နယ်ပယ်များအလိုက် လုပ်ဆောင်နိုင်မှုများကို ထိရောက်စွာ အသုံးချ၍ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာအရ ဆက်ဆံမှုတိုးမြှင့်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်**

❑ **နိုင်ငံသားတိုင်းတွင် နိုင်ငံတော်ကာကွယ်ရန် တာဝန်ရှိသည်ဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခင်ကတည်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်၊ အထူးသဖြင့် ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန် အတွက်ဖြစ်**

❑ **အရန်တပ်ဖွဲ့ဥပဒေနှင့် ပတ်သက်၍လည်း စစ်မှုထမ်းဟောင်းအားလုံးကို ပြန်လည်ခေါ်ယူမည်ဟု မဆိုလိုဘဲ ခေါ်သင့်ခေါ်ထိုက်သူများကိုသာ ပြန်လည်ခေါ်ယူ တာဝန်ပေးအပ်သွားမည်**

# “ နိုင်ငံတကာနှင့် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ အဆင်ပြေကောင်းမွန်ခြင်းဖြင့် မိမိတို့နိုင်ငံအတွက် အကူအညီအထောက်အပံ့ကောင်းများ ရရှိနိုင်မည်”

*စာမျက်နှာ ၃ မှ*

အကျိုးခံစားခွင့်များ ရရှိစေရေးအတွက်လည်း တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သံတမန်ဝန်ထမ်းများ နေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက်လည်း လိုအပ်သည်များ ဖြည့်ဆည်းပေးမည်ဖြစ်သဖြင့် မိမိတို့သက်ဆိုင်ရာ နိုင်ငံအလိုက် ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြကြရန်လိုကြောင်း။

## ပညာရည်မြှင့်တင်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရေး

မိမိတို့နိုင်ငံအနေဖြင့် ပညာရေးအရ အားနည်းချက်များ များစွာရှိနေသေးသည်ကို စစ်တမ်းများအရ တွေ့ရှိရပြီး မိမိတို့တာဝန်ယူချိန်တွင် ပညာရည်မြှင့်တင်မှုလုပ်ငန်းရပ်များကို မဖြစ်မနေကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံရေးအကျပ်အတည်းများကြားကပင် ကျောင်းများအားလုံးဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင်လည်း အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဖွင့်လှစ်ရန် လုံးဝမဖြစ်နိုင်သည့် အချို့သော ကျောင်းများမှအပ ကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ အားလုံးကို ဖွင့်လှစ်ပေးလျက်ရှိပြီး ပညာရည်မြှင့်တင်မှု စဉ်ဆက်မပြတ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ **သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများအနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်ရာ နိုင်ငံများအလိုက် ပညာရည်မြှင့်တင်ရေးဆောင်ရွက်မှုများ၊ ပညာရေး အားပေးဆောင်ရွက်မှု အခြေအနေများကို လေ့လာ၍ တင်ပြကြစေလိုပြီး** မိမိတို့ နိုင်ငံနှင့် ကိုက်ညီသည်များကို အတုယူဆောင်ရွက်ခြင်းဖြင့် ပညာရေးကို မြှင့်တင်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရေးသည် တိုင်းပြည်၏ အနာဂတ်ပင်ဖြစ်ကြောင်း၊ ပညာရေး အားနည်းချက်သည် နောင်အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်သည့် နိုင်ငံတော်တည်ဆောက်ရေးတွင် အခက်အခဲများ ဖြစ်ပေါ်စေနိုင်သောကြောင့် **ပညာရေးကို မိမိတို့အနေဖြင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာအရ မဖြစ်မနေ အားပေးဆောင်ရွက်လျက်ရှိ**ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နည်းပညာသင် အထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိသကဲ့သို့ အဆင့်မြင့်ပညာသင်ကြားရေး တက္ကသိုလ်များ၊ ကောလိပ်များ၊ လက်ရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ အခြေအနေနှင့် ဖြစ်ပေါ်လာမည့် အခြေအနေဆန်းစစ်ချက်များနှင့် ပိုမိုကျယ်ပြန့်သည့် သင်ကြားသင်ယူမှု နယ်ပယ်များ ထည့်သွင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်ပညာရေးသည် အရေးကြီးသည့် ပညာရေး တစ်ခုဖြစ်ပြီး နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများအနေဖြင့်လည်း နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှု အခန်းကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းကြရန်လိုကြောင်း။

## ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေ

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေကို နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများအရ ထုတ်ပြန်ခဲ့ကြောင်း၊ **နိုင်ငံသားတိုင်းတွင် နိုင်ငံတော်ကာကွယ်ရန် တာဝန်ရှိသည်ဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခင်ကတည်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက်ဖြစ်ပြီး** ယင်းဥပဒေနှင့်ပတ်သက်၍ တွက်ချက်ချင့်ချိန်ဆောင်ရွက်သွားမည်ဖြစ်ပြီး **သတ်မှတ်အသက်အပိုင်းအခြားအတွင်းမှ သင့်တင့်လျောက်ပတ်သည့်အင်အားကိုသာ တာဝန်ထမ်းဆောင်ရန်ဖြစ်**ကာ နိုင်ငံအတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **အရန်တပ်ဖွဲ့ဥပဒေနှင့် ပတ်သက်၍လည်း စစ်မှုထမ်းဟောင်းအားလုံးကို ပြန်လည်ခေါ်ယူမည်ဟု မဆိုလိုဘဲ ခေါ်သင့်ခေါ်ထိုက်သူများကိုသာ ပြန်လည်ခေါ်ယူ တာဝန်ပေးအပ်သွားမည်ဖြစ်**ကြောင်း၊ ယင်းဥပဒေနှစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ကာကွယ်ရေးအင်အားကို တိုးမြှင့်လာစေမည်ဖြစ်ကြောင်း၊ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများအနေဖြင့်လည်း ယင်းဥပဒေနှစ်ရပ်၏ အဓိပ္ပာယ်ကို ခြေခြေမြစ်မြစ်သိရှိအောင် လေ့လာကြရန်နှင့် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ရောက်ရှိပါက ဥပဒေအသက်သွင်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားနိုင်ရန် လိုကြောင်း။

> ❊ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အနိုင်ရသည့်ပါတီအား နိုင်ငံ့တာဝန်များကို ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**
>
> ❊ **ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင်ဖြစ်ပေါ်လျက်ရှိသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိ**

သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများသည် နိုင်ငံတကာတွင် နိုင်ငံ့အတွက် အရေးပါသည့် လုပ်ငန်းရပ်များကို တာဝန်ထမ်းဆောင်နေရသူများဖြစ်သည့်အတွက် နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေမှန်များနှင့် ဖြစ်ပေါ်နေသည့် အခြေအနေများကို အမှန်အတိုင်းသိရှိစေရေးအတွက် ယခုကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြောကြားရခြင်းဖြစ်ကြောင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးအတွက် မိမိတို့၏ တာဝန်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားရေးမူဝါဒများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံတကာ သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

၎င်းနောက် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများက သက်ဆိုင်ရာနိုင်ငံများအလိုက် နှစ်နိုင်ငံဆက်ဆံရေး အခြေအနေများနှင့် ဆက်ဆံမှုတိုးမြှင့်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် ထားရှိသည့်သဘောထားများနှင့် သံတမန်ရေးရာကိစ္စရပ်များ ဆောင်ရွက်နေမှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားရာတွင် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အနိုင်ရသည့်ပါတီအား နိုင်ငံ့တာဝန်များကို ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးဆောင်ရွက်ရာတွင် သိက္ခာရှိသည့်ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေး ကျင်းပနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးတွင် ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ် အရေအတွက်သည် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များထက် ပိုမိုများပြားနေရန် လိုအပ်ကြောင်း၊ သို့မှသာ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်မည်ဖြစ်ပြီး လွှတ်တော်များအတွင်း၌လည်း အပြန်အလှန်ထိန်းကျောင်းနိုင်ရန် လိုအပ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲ မဲစာရင်းမှားယွင်းမှုများကို သင်ခန်းစာယူ၍ ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး ဆောင်ရွက်ရာတွင် မဲစာရင်းများ မှန်ကန်မှုရှိစေရေးနှင့် ဆန္ဒမဲပေးခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်စာရင်း မှန်ကန်မှုရှိစေရေးနှင့် နောင်တက်လာမည့် အစိုးရအနေဖြင့် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများ ရေးဆွဲချမှတ်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိကြောင်း၊ မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် ရှင်းလင်းလွယ်ကူစွာ မဲပေးနိုင်ရေး၊ မဲရလဒ်မှန်ကန်ရေး၊ ပယ်မဲမရှိရေး၊ မဲမသမာမှု မပြုလုပ်နိုင်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine) နှင့် စပ်လျဉ်းသည့် ရှင်းလင်းပြသခြင်းများ၊ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တင်ပြချက်များတွင်ပါဝင်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ရောက်ရှိနေသူများအား ပြန်လည်လက်ခံနိုင်ရေးအတွက်လည်း မိမိတို့ သတ်မှတ်ထားသည့် အချက်များနှင့် ကိုက်ညီမှု ရှိပါက ပြန်လည်လက်ခံရန် မိမိတို့အနေဖြင့် အသင့်ရှိကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ပြဿနာအနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် **ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိ**ကြောင်း၊ မီဒီယာများမှ လှုံ့ဆော်မှုများ၊ သွေးထိုးမှုများသည် ပြည်ထောင်စုကြီး စည်းလုံးညီညွတ်မှုကို ပြိုကွဲစေနိုင်သည်ဖြစ်သောကြောင့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများအနေဖြင့်လည်း နိုင်ငံတော်၏ ပကတိအခြေအနေမှန်များကို နိုင်ငံတကာမှသိရှိစေရေး ပြောဆိုဆောင်ရွက်နိုင်ရန်လိုကြောင်း။

သက်ဆိုင်ရာနိုင်ငံများအလိုက် **မိမိတို့နိုင်ငံမှ ပညာတော်သင်များနှင့် ပတ်သက်၍လည်း သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများအနေဖြင့် လိုအပ်သည်များ စောင့်ရှောက်ပေးရန်လို**ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသူများ၊ ပညာတော်သင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများ၊ ၎င်းတို့၏ လိုအပ်ချက်နှင့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းတို့ဖြင့် နွေးထွေးသည့် စောင့်ရှောက်မှုများကို လုပ်ဆောင်ပေးနိုင်ရန် လိုကြောင်း၊ **နိုင်ငံတကာနှင့် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ အဆင်ပြေကောင်းမွန်ခြင်းဖြင့် မိမိတို့နိုင်ငံအတွက် အကူအညီအထောက်အပံ့ကောင်းများ ရရှိနိုင်မည်ဖြစ်**သည့်အတွက် သံတမန်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် တိုင်းပြည်ချစ်စိတ်ဖြင့် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## အခေါက်ရွှေဈေးနှင့် ပတ်သက်၍ အွန်လိုင်းထက်တွင် ကောလာဟလ ဖြန့်ဝေမှုများရှိခဲ့ရာ တရားဝင်ကြေညာချက်များကိုသာ ယုံကြည်ရန် YGEA ဥက္ကဋ္ဌပြော

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

အခေါက်ရွှေဈေးနှင့်ပတ်သက်၍ အွန်လိုင်းထက်တွင် ကောလာဟလ ဖြန့်ဝေမှုများရှိခဲ့ရာ တရားဝင် ကြေညာချက်များကိုသာ ယုံကြည်ကြရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) ၏ ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

အခေါက်ရွှေဈေးနှင့် ပတ်သက်၍ ဖေဖော်ဝါရီ ၁၃ ရက်တွင် ရွှေဈေး သိန်း ၄၀ ပေါက်ဈေးရှိနေသည်ဟု ရွှေဈေးနှင့် ပတ်သက်၍ လူအများ စိတ်ဝင်တစား စောင့်ကြည့်ရာ လူမှုကွန်ရက်ဖေ့စ်ဘွတ် ဂရုတစ်ခုတွင် သုံးစွဲသူတစ်ဦးက သတင်းမှား ရေးသားခဲ့ပြီး သတင်းမှားအပေါ် လူစိတ်ဝင်စားမှု အတန်အသင့်များခဲ့ရာ အထက်ပါ သတင်းမှားနှင့် ပတ်သက်၍ မေးမြန်းရာတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ “ကောလာဟလကတော့ တရားဝင်လည်း ဒီဘက်မှာ ကြေညာထားတာရှိတယ်။ နောက် ကျွန်တော်တို့ဘက်က ဒီဘက်က UAB Pay ရှိတယ်။ CB ဘဏ်ကနေ One Pay ရှိတယ်။ အဲဒီမှာတွေလည်း ဘဏ်တွေနဲ့ ချိတ်ဆက်ပြီး တရားဝင်ဈေးတွေ ထုတ်ပြန်ပေးနေတာ ရှိပါတယ်” ဟု ဦးမျိုးမြင့်က ဆိုသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ကောလာဟလများကို မယုံကြည်ကြရန်အတွက်လည်း ဦးမျိုးမြင့်က ထပ်မံပြောကြားသည်။ YGEA မှ ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီခွဲ ထုတ်ပြန်သည့် အကယ်ဒမီ မီးလင်း ရွှေဈေးကွက် အပိတ်ဈေးနှုန်းမှာ ကျပ်သုံးဆယ့် ခြောက်သိန်း လေးသောင်း ငါးထောင်ဖြစ်ကြောင်း သိရသည်။ **ထက်ဦးမောင်**

## လမ်းပန်းဆက်သွယ်ရေးဝန်ကြီး အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၂၄ / ၂၀၂၄
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

**လမ်းပန်းဆက်သွယ်ရေးဝန်ကြီး အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ချင်းပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးထားသည့် ရဲမှူးကြီး စိုးလွင်မိုး **အစား** ဦးနေလင်းအောင် အား အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## နေပြည်တော်ကောင်စီ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကာကွယ်ရေးဝန်ကြီးဌာန
ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
အမိန့်ကြော်ငြာစာအမှတ်၊ ၁ /၂၀၂၄
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

**နေပြည်တော်ကောင်စီ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်ကိုထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ ၇ အရ နေပြည်တော်ကောင်စီ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယတိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | ဒုတိယဥက္ကဋ္ဌ(၁) |
| ( ဂ ) | နေပြည်တော်ကောင်စီဝင်၊ အဖွဲ့ဝင် ၁ | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | နေပြည်တော်ကောင်စီဝင်၊ အဖွဲ့ဝင် ၃ | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဦးစီးဗိုလ်မှူးကြီး(စစ်ရေး)<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | ရဲတပ်ဖွဲ့မှူး<br>နေပြည်တော်ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ( ဇ ) | နေပြည်တော်ကောင်စီဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ ) | အုပ်ချုပ်ရေးမှူး<br>နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

ဥက္ကဋ္ဌ
ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းနိုင်

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ မဟုတ်မမှန်ဝါဒဖြန့်ချိမှုများနှင့် ကောလာဟလ သတင်းများကြောင့် ပြည်သူများ ထင်ယောင်ထင်မှားမဖြစ်စေရန်အတွက် ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိရှိလိုသည့် အချက်များကို ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) ၀၆၇-၃၄၀၄၈၁၁
(၂) ၀၆၇-၃၄၀၄၈၂၂
(၃) ၀၆၇-၃၄၀၄၈၃၃
(၄) ၀၆၇-၃၄၀၄၈၄၄
(၅) ၀၆၇-၃၄၀၄၈၅၅

စုံစမ်းမေးမြန်းခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

## လူမှုရေးရာဝန်ကြီးများ အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၂၅ / ၂၀၂၄
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

**လူမှုရေးရာဝန်ကြီးများ အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ **လူမှုရေးရာဝန်ကြီးများ** အား ယှဉ်တွဲပါအတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| ( ၁ ) | **ကယားပြည်နယ်အစိုးရအဖွဲ့** | | |
| | ဦးရဲရင့်ထွန်း | **အစား** | ဦးအောင်မျိုးသိန်း |
| ( ၂ ) | **ချင်းပြည်နယ်အစိုးရအဖွဲ့** | | |
| | ဦးကျော်စိုးဝင်း | **အစား** | ဦးဝင်းဇော်ဦး |
| ( ၃ ) | **မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့** | | |
| | ဦးဝင်းရဲထွန်း | **အစား** | ဦးမျိုးမြင့် |
| ( ၄ ) | **ရခိုင်ပြည်နယ်အစိုးရအဖွဲ့** | | |
| | ဦးစောနိုင် | **အစား** | ဦးသက်ထွန်း |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကာကွယ်ရေးဝန်ကြီးဌာန
ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
အမိန့်ကြော်ငြာစာအမှတ်၊ ၂ /၂၀၂၄
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်ကိုထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ ၇ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယတိုင်းမှူး<br>သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် | ဒုတိယဥက္ကဋ္ဌ(၁) |
| ( ဂ ) | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | လူမှုရေးရာဝန်ကြီး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( င ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ် | အဖွဲ့ဝင် |
| ( စ ) | ဦးစီးဗိုလ်မှူးကြီး(စစ်ရေး)<br>သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | ရဲတပ်ဖွဲ့မှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ( ဇ ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး | အတွင်းရေးမှူး |

ဥက္ကဋ္ဌ
ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ကော်မရှင်အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၄၃ ပါတီမှဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။** (ယာပုံ)



အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးကိုကိုက လာမည့်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေး နိုင်ငံရေးပါတီများနှင့်အတူ အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်လျက်ရှိပြီး ထုတ်ပြန်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ပြင်ဆင်ခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပါတီဝင်အင်အားပြည့်မီရေးနှင့် သတ်မှတ်ပါတီရုံးခန်းများ ပြည့်မီရေးကိုဆောလျင်စွာ ပြည့်မီအောင်ဆောင်ရွက်စေလိုကြောင်း၊ ပါတီရုံးခန်းများ ဖွင့်လှစ်ရာတွင် လိုအပ်ချက်များရှိပါက ကော်မရှင်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံရေးပါတီများ၏ ဘဏ္ဍာငွေစုဆောင်းထိန်းသိမ်း၊ သုံးစွဲခြင်းကိုလည်း စနစ်တကျဖြစ်စေရေး ဆောင်ရွက်ထားကြရန်လိုကြောင်း၊ ပါတီရန်ပုံငွေသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၇ (ခ) တွင် ပါတီရန်ပုံငွေကို ကော်မရှင်က ထုတ်ပြန်သည့် အမိန့် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ သုံးစွဲရန်ထည့်သွင်းပြဋ္ဌာန်းထားကြောင်း၊ ယင်းပြဋ္ဌာန်းချက်အတိုင်း ကော်မရှင်ကလိုအပ်သည့် ညွှန်ကြားချက်များကို အမြန်ဆုံးထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး ပါတီများကလည်း ညွှန်ကြားချက်များနှင့်အညီ သုံးစွဲကြရန်လိုကြောင်း။

ရွေးကောက်ပွဲ ကျင်းပရာတွင် ကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီဆောင်ရွက်ရေး ကြီးကြပ်ပေးရမည်ဖြစ်သကဲ့သို့ နိုင်ငံရေးပါတီများ၏ လိုအပ်ချက်များကိုလည်း ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပါတီများအနေဖြင့် ခိုင်မာအားကောင်းသော ပါတီများဖြစ်ရေးနှင့် မဲဆန္ဒရှင်ပြည်သူများက မိမိတို့ပါတီနှင့် မိမိတို့ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများကို မဲပေးရေးအတွက် မှန်ကန်သော မဲဆွယ်စည်းရုံးရေးဆောင်ရွက်ရန်လိုအပ်ပြီး မဲဆန္ဒရှင်များ၏ မှန်ကန်သော မဲပေးရွေးချယ်မှုရရှိစေရန် ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများရွေးချယ်ရာ၌ အမှန်တကယ် အရည်အချင်းရှိသူများကို ရွေးချယ်ကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကိုလည်း လွတ်လပ်တရားမျှတစွာ ကျင်းပနိုင်ရေး ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကော်မရှင်က ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး အသိပေးဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်

ပဲခူး ဖေဖော်ဝါရီ ၁၄

ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး အသိပေး ဆွေးနွေးပွဲ အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းကကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်သည်။



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ပြည်သူလူထုအတွက် အကျိုးရှိမည့် မည်သည့်လုပ်ငန်းကိုမဆို စဉ်ဆက်မပြတ် ကြိုးစားစီမံ ဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာရေးကဏ္ဍကိုလည်း အမြဲထည့်သွင်းလျက် ဦးစားပေးဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ တတိယလှိုင်းအတွင်း အောက်ဆီဂျင် ပြတ်လပ်မှုမရှိစေရေး မြို့နယ်အလိုက် အောက်ဆီဂျင်စက်ရုံများ တည်ဆောက်ပေးခြင်း အပြင် မြို့နယ်များရှိ စေတနာ့ဝန်ထမ်း အရန်သားဖွားဆရာမ ၂၅၀ အား မွမ်းမံသင်တန်းများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း၊ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ထိရောက်သဖြင့် ပြည်သူ့ကျန်းမာရေး ညီလာခံဆောင်ပုဒ်ဖြစ်သော "လူတိုင်းသက်ရှည် ကျန်းမာဖို့ ပြည်သူ့ကျန်းမာရေးကို မြှင့်တင်စို့" ဆိုသည့်အတိုင်း ပြည်သူလူထု၏ ကျန်းမာရေးအတွက် ကျန်းမာရေးဝန်ထမ်းများ၊ နီးနွယ်စေတနာ့ဝန်ထမ်းများ၊ ပြည်သူများပူးပေါင်း၍ ပြည်သူ့ကျန်းမာရေး လုပ်ငန်းများ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်မြင့်သန်းက ကာကွယ်ခြင်း၊ ရောဂါရှာဖွေခြင်းနှင့် ကုသခြင်းလုပ်ငန်းများဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး (ဝဲပုံ) ပြသထားသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပြခန်းများကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လယ်ယာကဏ္ဍစာရင်းအင်း အရည်အသွေး ပြည့်ဝမှန်ကန်ရေးနှင့် လယ်ယာမြေဥပဒေအရ စာချုပ်စာတမ်းများ မှတ်ပုံတင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၁၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနက ကြီးမှူးကာ လယ်ယာကဏ္ဍစာရင်းအင်း ပြည့်ဝမှန်ကန်ရေးနှင့် လယ်ယာမြေဥပဒေအရ စာချုပ်စာတမ်းများ မှတ်ပုံတင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ ရှမ်းပြည် တောင်ကြီးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ဌာနအနေဖြင့် မြေသယံဇာတဖော်ထုတ်ရေး၊ မြေယာစီမံခန့်ခွဲရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ စာရင်းအင်းပြုစုထုတ်ပြန်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် မြေအသုံးချမှုဆိုင်ရာ စာရင်းများ ကောက်ယူပြုစုရာတွင် လက်စွဲဥပဒေပြဋ္ဌာန်းချက်များ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအပေါ် အခြေခံဆောင်ရွက်နိုင်ရန်နှင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ တည်ဆဲဥပဒေအပါအဝင် ပြဋ္ဌာန်းချက်များနှင့်အညီ စာချုပ်စာတမ်းများမှတ်ပုံတင်ပေးရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ် လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် - ရန်ကုန်၌ မောင်မယ်သစ်လွင်ကြိုဆို

ရန်ကုန် ဖေဖော်ဝါရီ ၁၄

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် – ရန်ကုန် ၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ် "ရွှေရတု" ခန်းမ၌ကျင်းပရာ အတန်းအသီးသီးအလိုက် အရောင်းဆိုင်များ၊ ရိုးရာအကအလှများ၊ တစ်ဦးချင်း သီဆိုဖျော်ဖြေမှုများ၊ King & Queen ရွေးချယ်ခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

၂၀၂၃ ပညာသင်နှစ်အတွင်း အတန်းအသီးသီး၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၁၁၉ ဦး၊ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် "အထွတ်အမြတ်အလေးတမူ ကမ္ဘာတည်ဖို့....လွတ်လပ်ရေးအတူ ကာကွယ်စို့" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သော စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသူ လေးဦးနှင့် ပြုံးအလှပိုင်ရှင် နှစ်ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ တွေ့ဆုံသည်။**



တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၄၂ ပါတီမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ယခင်နိုင်ငံရေးပါတီများ အစုအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့မှုအခြေအနေ၊ နိုင်ငံရေးပါတီများ၏ အပြုသဘောဆောင်သည့် အကြံပြုချက်များ ရယူခဲ့မှုအခြေအနေ၊ ဆက်လက်တွေ့ဆုံဆွေးနွေးနိုင်မည့် အခင်းအကျင်းများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ အရေးပါပုံ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှ အရေးကြီးသောပုဒ်မများ ပြင်ဆင်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းထားသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘုံသဘောတူညီချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးဆိုင်ရာကိစ္စများအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့် ကိစ္စရပ်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့ ဖွဲ့စည်းနိုင်ရေးကိစ္စ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပြင်ဆင်သင့်သည့်အချက်များ၊ လွှတ်တော်များ၏အခန်းကဏ္ဍတို့နှင့် ပတ်သက်၍ မိမိတို့၏ သဘောထားအမြင်များ၊ အကြံပြုချက်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးအကြံပြုချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေး၍ ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိဂုံးချုပ် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ် ၁ / ၂၀၂၄ သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**



ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် ၁/၂၀၂၄ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်းဆရာ၊ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်က ရွေးချယ်ခန့်ထားပြီးသော ဥပဒေအရာရှိသစ်များကို ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေနှင့်အညီ လုပ်ငန်းခွင်ဝင် သင်တန်းပေးပါကြောင်း၊ အစိုးရရှေ့နေတစ်ဦး အနေဖြင့် အရည်အချင်းပြည့်ဝရန် လိုအပ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနသည် (၂၀၂၀-၂၀၂၄) ခုနှစ် တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု မဟာဗျူဟာ စီမံကိန်းနှင့်အညီ ဥပဒေဝန်ဆောင်မှုပေးနေသည့် ဝန်ကြီးဌာနဖြစ်ကြောင်း၊ ဥပဒေမူကြမ်းများကို စိစစ်အကြံပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများ၊ စီးပွားရေးစာချုပ်စာတမ်းများကို စိစစ်အကြံပေးခြင်း၊ တရားစွဲအမှုလိုက်လုပ်ငန်းများနှင့် သက်ဆိုင်ခြင်းမရှိသော ဥပဒေရေးရာကိစ္စရပ်များကို ဥပဒေအကြံပေးခြင်း၊ တရားစွဲ အမှုလိုက်လုပ်ငန်းများတွင်လည်း နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်း စသည့် ဥပဒေဝန်ဆောင်မှု အမျိုးမျိုးကို ပေးအပ်လျက်ရှိကြောင်း၊ ထို့ပြင် ဥပဒေ ဝန်ဆောင်မှုအနေဖြင့် မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (MLIS) ကိုလည်း တည်ထောင် ထားရှိကြောင်း၊ သင်တန်းတွင် သင်တန်းသားများ သိသင့်သိထိုက်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ ရုံးလုပ်ငန်းနှင့် တရားစွဲအမှုလိုက်ကိစ္စများ၊ တရားခွင်သရုပ်ပြသခြင်း၊ မဟာဗျူဟာစီမံကိန်း၊ ဥပဒေအရာရှိကျင့်ဝတ်၊ မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများဖြင့် ပြည့်ပြည့်စုံစုံ ပို့ချပေးမည့်အပြင် ပြင်ပပညာရှင်များ၊ မှုခင်းရဲတပ်ဖွဲ့နှင့် မှုခင်းဆရာဝန်ကြီးကိုဖိတ်ခေါ်၍ ပို့ချပေးမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းတွင် သင်ကြားပို့ချချက်များကို ကြိုးစားသင်ယူ လေ့လာမှတ်သားကာ ပြည်သူများအတွက် ထိရောက်သော ဥပဒေဝန်ဆောင်မှုများပေးနိုင်သော ဥပဒေအရာရှိကောင်းများ ဖြစ်စေရန်နှင့် နိုင်ငံတော်နှင့် ဌာနအတွက် တန်ဖိုးရှိသော ဥပဒေအရာရှိများ ဖြစ်လာစေရန် အားထုတ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေ (မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးအတွက် အပြီးသတ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။ (ဓာတ်ပုံ)

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ ဥပဒေမူကြမ်း စိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရဲချုပ်ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် တရားရုံးများက စုံစမ်းထောက်လှမ်းမှု၊ စုံစမ်းစစ်ဆေးမှု သို့မဟုတ် စစ်ဆေးစီရင်မှု ဆောင်ရွက်ဆဲကာလအတွင်း သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်စေ၊ လူပယောဂကြောင့်ဖြစ်စေ ပျက်စီးပျောက်ဆုံးမှု၊ တန်ဖိုးယုတ်လျော့မှုနှင့် အလွဲသုံးစားမှုမရှိစေရေးတို့အတွက် ရည်ရွယ်၍ လည်းကောင်း၊ Financial Action Task Force (FATF) သို့ပေးပို့သည့်အစီရင်ခံစာတွင် တိုးတက်မှုအခြေအနေကို ထည့်သွင်းဖော်ပြရန်ရှိသဖြင့် လည်းကောင်း သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေ (မူကြမ်း)ကို ရေးဆွဲရခြင်းဖြစ်ကြောင်း ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေ(မူကြမ်း) သည် လက်ရှိအခြေအနေတွင်လိုအပ်ပြီး ပြဋ္ဌာန်းရန်သင့်သည့် ဥပဒေဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် အဆိုပါဥပဒေ (မူကြမ်း) ကို ပြဋ္ဌာန်းနိုင်ရေးအတွက် အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

## CI စာအုပ်ကိုင်ဆောင်ထားသူများက မဟာချိုင် TDCC ရုံးခွဲ၌ လိုအပ်သော စာရွက်စာတမ်းများ ပြည့်စုံစွာဖြင့် လာရောက်လျှောက်ထားလျှင် နိုင်ငံကူးလက်မှတ် (PJ – Passport) စာအုပ်များကို ပြုလုပ်ပေးနေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ထိုင်းနိုင်ငံ၌ CI စာအုပ်ကိုင်ဆောင်ထားပြီး အလုပ်လုပ်ကိုင်နေသူများအား မဟာချိုင်တွင်ဖွင့်လှစ်ထားသော TDCC ရုံးခွဲ၌ လိုအပ်သော စာရွက်စာတမ်းများ ပြည့်စုံစွာဖြင့် လာရောက်လျှောက်ထားပါက CI စာအုပ်မှ နိုင်ငံကူးလက်မှတ် (PJ – Passport) စာအုပ်များကို ပြုလုပ်ပေးလျက်ရှိကြောင်း ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေးထားသည်။

ယခုအခါ စက်ရုံအလုပ်ရုံများ၏ တင်ပြချက်အရ ထိုင်းနိုင်ငံအတွင်း CI စာအုပ်ကိုင်ဆောင်ပြီး စက်ရုံ/အလုပ်ရုံများ၌ အလုပ်လုပ်နေသော မြန်မာလုပ်သားများကို စက်ရုံ/အလုပ်ရုံများသို့ Mobile Team ဖြင့် သွားရောက်၍ အချက်အလက်ကောက်ယူခြင်း၊ မြန်မာနိုင်ငံသက်ဆိုင်ရာဌာနများသို့ ပို့ဆောင်ပြီး မှန်ကန်မှု ရှိ/မရှိ အတည်ပြုခြင်းနှင့် နိုင်ငံကူးလက်မှတ်ထုတ်ပေးခွင့်ရယူခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

စက်ရုံ/အလုပ်ရုံများသို့ Mobile Team ဖြင့် သွားရောက်၍ အချက်အလက်ကောက်ယူချိန်တွင် နိုင်ငံကူးလက်မှတ်ပြုလုပ်လိုသူသည် သတ်မှတ်ကိုယ်ရေးမှတ်တမ်းပုံစံ ဖြည့်စွက်ထားခြင်း (ဓာတ်ပုံပါ)၊ ကိုင်ဆောင်ထားသည့် CI စာအုပ်မူရင်း၊ CI စာအုပ်၏ ဓာတ်ပုံပါ စာမျက်နှာမိတ္တူ တစ်စောင်၊ CI စာအုပ်၏ ဗီဇာပါ စာမျက်နှာမိတ္တူ တစ်စောင်၊ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (Work Permit) မိတ္တူ တစ်စောင်၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့် မိတ္တူတစ်စောင်၊ အိမ်ထောင်စုစာရင်း မိတ္တူတစ်စောင်စာရွက်စာတမ်းများကို လက်ဝယ်၌ ရှိနေရမည်ဖြစ်ကြောင်းလည်း သံရုံး၏ထုတ်ပြန်ချက်တွင် ပါရှိသည်။ နိုင်ငံကူးလက်မှတ်ထုတ်ယူခွင့်ရရှိသူများသည် လက်မှတ်ထုတ်ယူပြီးပါက စက်ရုံ/အလုပ်ရုံ အစီအစဉ်ဖြင့် အလုပ်သမားသံအရာရှိရုံးသို့ ဆက်သွယ်ကာ MOU လုပ်သားအဖြစ် စာရင်းဝင်ရေး ဆက်လက်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ဤစာအုပ်သက်တမ်းကုန်ပါက နိုင်ငံကူးလက်မှတ်စာအုပ်အသစ် ဆက်လက်လျှောက်ထားလဲလှယ်နိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

စက်ရုံ/အလုပ်ရုံများတွင် လုပ်ကိုင်နေသော မြန်မာလုပ်သားများအနေဖြင့် ယခုဖော်ပြပါအချက်များအား စက်ရုံ/အလုပ်ရုံများ၏ H.R Manager များသို့ အသိပေးသွားရန်နှင့် ကြိုတင်စာရင်းပြုစုထားနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် အသိပေးထားသည်။

MT

# နိုင်ငံ့ဝန်ထမ်းအရာရှိများအတွက် စေ့စပ်ညှိနှိုင်းမှုဆိုင်ရာစွမ်းဆောင်ရည်များနှင့် နည်းလမ်းများ မျှဝေဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**အာဆီယံ – ဂျပန်ဗဟိုဌာန၏ ရန်ပုံငွေ (၂၀၂၃) ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ National Activities Project အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သည့် "နိုင်ငံ့ဝန်ထမ်းအရာရှိများအတွက် စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ စွမ်းဆောင်ရည်များနှင့် နည်းလမ်းများ မျှဝေဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ Grand Amara Hotel ၌ Hybrid ပုံစံဖြင့် ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။**




ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ – ဂျပန် ဗဟိုဌာနမှ တာဝန်ရှိသူများနှင့် အရာထမ်းများ တက်ရောက်ကြသည်။

**အွန်လိုင်းမှမျှဝေဆွေးနွေး**

ဆွေးနွေးပွဲတွင် စင်ကာပူနိုင်ငံ အခြေစိုက် Green Olive Tree သင်တန်းကျောင်းမှ ဘာသာစကားနှင့် ဆက်ဆံရေးပညာဆိုင်ရာ ကျွမ်းကျင်သူ Ms. Michelle Loke က စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ သိသင့် သိထိုက်သည့် ခေါင်းစဉ်များဖြစ်သော စေ့စပ်ညှိနှိုင်းမှု၏ အဓိပ္ပာယ်၊ စေ့စပ်ညှိနှိုင်းမှုဆိုင်ရာနည်းလမ်းများ၊ စေ့စပ်ညှိနှိုင်းမှုလုပ်ငန်းစဉ်၊ ထိရောက်သော စေ့စပ်ညှိနှိုင်းမှု၊ စေ့စပ်ညှိနှိုင်းမှုများတွင် တွေ့ကြုံရနိုင်သည့် စိန်ခေါ်မှုများအပေါ် လက်တွေ့အသုံးချနိုင်မည့်နည်းလမ်းများ စသည်တို့ကို အွန်လိုင်းမှ မျှဝေဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲမှ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူကိုဝန်ဆောင်မှုပေးခြင်း၊ စာချုပ်စာတမ်းများ ဆွေးနွေးညှိနှိုင်းခြင်း၊ ပြည်တွင်း၊ ဒေသတွင်းမူဝါဒများ ညှိနှိုင်းချမှတ်ခြင်း၊ ရုံးဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊ ဘုံသဘောတူညီချက် ရှာဖွေတည်ဆောက်ခြင်းနှင့် နိုင်ငံတကာနှင့် ဒေသတွင်း ဆက်ဆံရေးများတွင် မြန်မာနိုင်ငံရှိ အစိုးရရုံးဌာနများမှ အရာထမ်းများအနေဖြင့် စေ့စပ်ညှိနှိုင်းမှုမဟာဗျူဟာများနှင့် နည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်လာကာ စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များတွင် အဆိုပါ နည်းလမ်းစနစ်များကို စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် ပြန်လည်အသုံးချနိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

**စွမ်းဆောင်ရည်များမြှင့်တင်**

စေ့စပ်ညှိနှိုင်းမှုစွမ်းဆောင်ရည်သည် အစိုးရဌာနအချင်းချင်းအကြား၊ နှစ်နိုင်ငံအကြား၊ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များတွင် အဓိကအရေးပါသည့်အတွက် ယင်းတို့ကို လက်တွေ့အသုံးချဆောင်ရွက်နေသည့် အစိုးရကဏ္ဍမှ အရာထမ်းများ၏ စေ့စပ်ညှိနှိုင်းမှု စွမ်းဆောင်ရည်များကို မြှင့်တင်ရန်လိုအပ်သောကြောင့် ယခုဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၃) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နိုဝင်ဘာလအတွင်း အိမ်ရှင်အဖြစ် ကျင်းပသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄) ကို ယနေ့နံနက် ၉ နာရီတွင် ရုံးအမှတ် (၃၁)ရှိစုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာ စိုးဝင်း၊ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက In-Person ဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ် လူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌများက Video Conferencing ဖြင့်လည်းကောင်း တက်ရောက်ကြသည်။



အစီအစဉ်အရ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ ဥက္ကဋ္ဌက နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များအား နည်းမှန်လမ်းမှန်ဖြင့် စနစ်တကျ ပြုစုပျိုးထောင်ပေးရာတွင် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်ရေးရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အဓိကဦးဆောင်ဝန်ကြီးဌာနများ ဖြစ်ကြသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့က ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် အာဆီယံအသိုက်အဝန်း၊ INGO အဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး လူငယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃–၂၀၂၄ ခုနှစ်အတွက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး (AMMY)၏ ဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်လျက်ရှိပါကြောင်း၊ (၁၃) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကိုလည်း ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည့်အတွက် ဗဟိုကော်မတီဝင် ဆက်စပ်ဝန်ကြီးဌာနများကလည်း သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ လူငယ်ရေးရာကိစ္စရပ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် လူငယ်ရေးရာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းအချို့ကို တွဲဖက်တာဝန်ပေးစေလွှတ်ထားရှိပြီး ကျန်ရှိနေသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ထပ်မံစေလွှတ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘဏ္ဍာရေးနှစ်အလိုက် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူငယ်ရေးရာဦးစီးဌာန ဦးစီးမှူးရုံးများကိုလည်း ဖွင့်လှစ်သွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများက လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုး တိုးတက်လာစေရန်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် အဓိကစွမ်းအားစုများအဖြစ် ပါဝင်လာစေရန် ဗဟိုကော်မတီအနေဖြင့် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အဖွဲ့ဝင်များနှင့် နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ ပြည်နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြမှုများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၁၈ မြို့နယ်ရှိ ဆန်လက်လီဆိုင် ၅၈ ဆိုင်တွင် ယခုလလယ်မှ စတင်ကာ ဧည့်မထဆန် တစ်ပြည်လျှင် သက်သာသောဈေးနှုန်း ကျပ်သုံးထောင့်သုံးရာဖြင့် တစ်ပတ် သုံးရက် ရောင်းချပေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၈ မြို့နယ်ရှိအသင်းဝင် ဆန်လက်လီဆိုင် ၅၈ ဆိုင်တွင် ဧည့်မထဆန်တစ်ပြည်လျှင် သက်သာသော ဈေးနှုန်းငွေကျပ် ၃၃၀၀ နှုန်းဖြင့် ဖေဖော်ဝါရီ ၁၆ ရက်မှ စတင်၍ အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် ရောင်းချပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းက အသိပေးထားသည်။

ဆန်လက်လီရောင်းချပေးမည့်မြို့နယ်များမှာ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ တောင်ဒဂုံမြို့နယ်၊ မြောက်ဥက္ကလာမြို့နယ်၊ မြောက်ဒဂုံမြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အရှေ့ဒဂုံမြို့နယ်၊ မှော်ဘီမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်၊ ဒလမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ အလုံမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့တွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**MT**

# ပြန်ကြားရေးဝန်ကြီးဌာန၌ ဉာဏ်ရည်တု နည်းပညာအကြောင်း သိကောင်းစရာဟောပြောပွဲကျင်းပ





**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

Artificial Intelligence (AI) ဉာဏ်ရည်တု နည်းပညာအကြောင်း သိကောင်းစရာ ဟောပြောပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ AI နည်းပညာအကြောင်း ဟောပြောမည့် ဒေါက်တာ တင်ဘုန်းကျော်နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**ဉာဏ်ရည်တုကိုအသုံးပြုလာ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့ခေတ်တွင် (Artificial intelligence–AI) ခေါ် ဉာဏ်ရည်တုကို နယ်ပယ်အတော်များများတွင် အသုံးပြုလာကြပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင် မောင်းသူမဲ့ကား၊ ဒရုန်းများ၊ အိမ်သုံးစက်ရုပ်များ၌ AI နည်းပညာကို အသုံးပြုနေကြပြီဖြစ်ပါကြောင်း၊ လူ့အသိုက်အဝန်းတွင် AI နည်းပညာသည် ဆန်းသစ်သည့်ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်ပြီး သိမှုဉာဏ်အပြင် လူ့စိတ်ခံစားချက်ကို နားလည်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ကို ထည့်သွင်းစဉ်းစားနိုင်စွမ်းရှိသည့် ဉာဏ်ရည်ထည့်သွင်းထားသော ဉာဏ်ရည်တုဖြစ်ပါကြောင်း၊ ဉာဏ်ရည်တုနည်းပညာ (AI)၏ အသုံးဝင်မှုနှင့် အန္တရာယ်ရှိမှုတို့ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် ယနေ့ AI နည်းပညာအကြောင်း သိကောင်းစရာ ဆွေးနွေးပွဲကိုကျင်းပခြင်း ဖြစ်ပါကြောင်း။

AI သည် လူသားတို့၏ အလုပ်အကိုင်များစွာအပေါ် အစားထိုးနေရာယူလာပြီး AI ကျွမ်းကျင်ပညာရှင်များလည်း လိုအပ်မှုမြင့်မားလာကြောင်း၊ ယနေ့ Digi-talization ခေတ် အွန်လိုင်းတွင် အချက်အလက်ရှာဖွေခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များ ကြည့်ရှုခြင်း၊ ကုန်ပစ္စည်းများ ဝယ်ယူရောင်းချနိုင်ခြင်းတို့၏ နောက်ကွယ်တွင်လည်း AI နည်းပညာရှိနေပြီဖြစ်ကြောင်း၊ လူသားများတွင် ကာယ၊ ဉာဏ နှစ်မျိုးရှိသည့်အနက် ကာယအလုပ်များကို စက်များဖြင့် အစားထိုး ဆောင်ရွက်နိုင်သလို ဉာဏအလုပ်များကို AI နည်းပညာဖြင့် အစားထိုးဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင်လည်း AI နည်းပညာ အသုံးပြုပြီး လမ်းပြအမှတ်အသား၊ မီးပွိုင့်၊ ဆိပ်ကမ်း၊ လေဆိပ်စသည့် Public Area များတွင် အသုံးပြုနေပြီဖြစ်သလို ဥရောပနိုင်ငံများ၌လည်း AI နည်းပညာ အသုံးပြု၍ လူထုအကျိုးပြုသုတေသနလုပ်ငန်းများကို ကျယ်ပြန့်စွာ အသုံးပြုနေပြီဖြစ်ပါကြောင်း။

**ခွဲခြမ်းစိတ်ဖြာ ဆောင်ရွက်နိုင်ရေး**

ထို့ကြောင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေး၊ သတင်းတု၊ သတင်းမှားများ စောင့်ကြည့်လေ့လာရေးနှင့် သတင်းစီးဆင်းမှုများအပေါ် Data Analysis ပြုလုပ်၍ ရလဒ်များ ခွဲခြမ်းစိတ်ဖြာ ဆောင်ရွက်နိုင်စေရေး ရည်ရွယ်၍ Foundation Course for Public Opinion Mining Analysis(AI) နည်းပညာသင်တန်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ သင်တန်းအတွက် သင်တန်းသား ၁၂ ဦး Placement Test ဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်သူ ရှစ်ဦးကို စိစစ်ရွေးချယ်၍ အွန်လိုင်းဖြင့် သုံးလတာ သင်ကြားပေးလျက်ရှိကြောင်း။

ဝန်ထမ်းများသည် ပြောင်းလဲလာသည့် နည်းပညာအပေါ် လိုက်ပါဆောင်ရွက်ရန် HR မြှင့်တင်ရန် အဓိက လိုအပ်ပါကြောင်း၊ ယခု AI နည်းပညာအကြောင်း သိကောင်းစရာ ဆွေးနွေးပွဲကို စိတ်ဝင်တစားလေ့လာနားထောင်၍ သိလိုသည်များ မေးမြန်းဆွေးနွေးခြင်းဖြင့် ရရှိသည့် ဗဟုသုတအတွေ့အကြုံများကို ဌာနတွင် ပြန်လည်အသုံးချနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

**နည်းပညာကောင်းကျိုး၊ ဆိုးကျိုး**

ထို့နောက် ဒေါက်တာတင်ဘုန်းကျော်က AI နည်းပညာအဆင့်ဆင့်ဖြစ်ပေါ်လာမှု၊ နည်းပညာ၏ ကောင်းကျိုး၊ ဆိုးကျိုး၊ တီထွင်ဖန်တီးနိုင်မှု၊ စိန်ခေါ်မှုများနှင့် စပ်လျဉ်းသည့် သိကောင်းစရာများကို ဆွေးနွေးပြောကြားပြီး **(အပေါ်ပုံ)** တက်ရောက်လာသည့် အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက AI နည်းပညာအကြောင်း ဟောပြောသည့် ဒေါက်တာ တင်ဘုန်းကျော်အား အမှတ်တရလက်ဆောင် ပေးအပ်ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

## စာပေ သို့မဟုတ် အနုပညာလက်ရာများ မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ သိကောင်းစရာများ

စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များ၊ ဆက်နွယ်သည့်အခွင့်အရေးပိုင်ရှင်များ၏အခွင့်အရေးများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကို အမိန့်ကြော်ငြာစာအမှတ် (၂၁၈/၂၀၂၃) ဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့တွင် အာဏာသက်ဝင်ခဲ့ပြီ ဖြစ်ပါသည်။ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၃)ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ်(၇၀/၂၀၂၃)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ မှတ်ပုံတင်လျှောက်ထားခြင်းအတွက် လိုအပ်သော လျှောက်လွှာပုံစံများကိုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၂၃)ဖြင့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ စာပေ သို့မဟုတ် အနုပညာလက်ရာ မှတ်ပုံတင်လျှောက်ထားခြင်း၊ ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ် မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ယင်းတို့နှင့်စပ်လျဉ်းသည့် လျှောက်ထားခြင်းများအတွက် လျှောက်လွှာပုံစံအမျိုးအစား ၁၃ မျိုးကို သတ်မှတ်ထုတ်ပြန်ထားပါသည်။ မှတ်ပုံတင်လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းနှင့်သက်ဆိုင်သည့် လျှောက်ထားမှုအမျိုးမျိုးအတွက် ပေးသွင်းရမည့်အခကြေးငွေများကို သတ်မှတ်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။ လျှောက်လွှာ တစ်စောင်ချင်းစီအတွက် သုံးစွဲသူလက်စွဲ (User Guideline) ကိုလည်း ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားလိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည့်အပြင် အီလက်ထရောနစ်စနစ်ကိုအသုံးပြုပြီး (Online Filing) နှင့်လည်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။ မှတ်ပုံတင်လျှောက်ထားရာတွင် မူပိုင်ခွင့်ပိုင်ရှင်ကိုယ်တိုင်လျှောက်ထားနိုင်သလို ကိုယ်စားလှယ်နှင့်လည်း လျှောက်ထားနိုင်ပါသည်။ နိုင်ငံခြားသားကလျှောက်ထားမည်ဆိုလျှင် မြန်မာနိုင်ငံသားကိုယ်စားလှယ်ကို မဖြစ်မနေခန့်အပ်ပြီး လျှောက်ထားရမည်ဖြစ်ပါသည်။

စာပေနှင့်အနုပညာမူပိုင်ခွင့်သည် မှတ်ပုံတင်ထားသည်ဖြစ်စေ၊ မှတ်ပုံမတင်ထားသည်ဖြစ်စေ မူပိုင်ခွင့်ကိုရရှိမည်ဖြစ်သော်လည်း မူပိုင်ခွင့်မှတ်ပုံတင်ထားခြင်းဖြင့် မူပိုင်ခွင့်အငြင်းပွားမှုများ ဖြစ်ပွားသည့်အခါ မှတ်ပုံတင်လက်မှတ်ကို ခိုင်လုံသော သက်သေအထောက်အထားအဖြစ် တရားစွဲဆိုရာတွင် တင်ပြနိုင်မည်ဖြစ်ပါသည်။

**စာပေနှင့်အနုပညာမူပိုင်ခွင့်ဌာနခွဲ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Ei Ei Zaw” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၉) ရပ်ကွက်နေ အိအိဇော်အား နံနက် ၉ နာရီ ၅၅ မိနစ်တွင် ရွှေပြည်သာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂုဏ်ယူစွာဖြင့် အမှုတော်ထမ်းရှက်

ရွှေကျား

နိုင်ငံတစ်နိုင်ငံအတွက် နယ်မြေတည်တံ့မှု၊ အချုပ်အခြာအာဏာပိုင်စိုးမှုနဲ့ အမျိုးသားလွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ဖို့အတွက် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ဖို့ နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ နိုင်ငံတိုင်းက မိမိတို့နိုင်ငံကို ကာကွယ်ဖို့ ကာကွယ်ရေးစီမံချက်အသီးသီးကို ချမှတ်ကြတဲ့အခါ နိုင်ငံအများစုမှာ အရွယ်ရောက်သူ နိုင်ငံသားတိုင်း စစ်မှုမထမ်းမနေရ ဥပဒေကို ပြဋ္ဌာန်းအကောင်အထည်ဖော်ကြလေ့ရှိပါတယ်။

စစ်မှုထမ်းခြင်းဆိုတဲ့ Military Service တင်မက စစ်ရေးမဟုတ်တဲ့ အရပ်ဘက်လုံခြုံရေး၊ ဘေးအန္တရာယ်ကာကွယ်ရေးနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးတွေမှာ အရည်အချင်းပြည့်မီသူတွေကို အချိန်ကာလတစ်ခု သတ်မှတ်ပြီး မဖြစ်မနေအမှုထမ်းကြဖို့ ဆိုရှယ်လစ်နိုင်ငံတွေ၊ ဒီမိုကရေစီနိုင်ငံတွေမှာ လက်တွေ့ကျင့်သုံးခဲ့ကြပြီး အောင်မြင်မှုတွေလည်း ရှိခဲ့ကြပါတယ်။

စစ်မှုမထမ်းမနေရ အယူအဆဟာ (၁၉) ရာစုလောက်က ဥရောပနိုင်ငံတွေမှာ စတင်ပေါက်ဖွားလာခဲ့ပြီး ပြည်ပရန်ကို ကာကွယ်ဖို့ ရည်ရွယ်ပါတယ်။ စစ်မှုထမ်းဥပဒေဆိုတာ နိုင်ငံအသီးသီးရဲ့ Military Doctrine လို့ဆိုရမယ့် စစ်သဘောတရားနဲ့လည်း ဆက်စပ်မှုရှိပါတယ်။ စစ်တပ်နဲ့ လူ့အဖွဲ့အစည်းတွေ၊ နိုင်ငံသားတွေ ပေါင်းစည်းပေးတဲ့ အဓိပ္ပာယ်လည်း ဖြစ်ပါတယ်။ လက်ရှိမှာ အစ္စရေး၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ ဗီယက်နမ်၊ လက်တင်အမေရိက နိုင်ငံအချို့နဲ့ ဥရောပ၊ အာရှနိုင်ငံတွေမှာ ကျင့်သုံးနေကြပြီး အချို့နိုင်ငံတွေကတော့ ဥပဒေပြဋ္ဌာန်းထားပေမယ့် လက်တွေ့အကောင်အထည်မဖော်ကြတာတွေနဲ့ အရေးအတွက် အနည်းငယ်စီ ဆင့်ခေါ်စုဆောင်းတာတွေကို နိုင်ငံလိုအပ်ချက်အလိုက် လုပ်ဆောင်ကြတာကို တွေ့ရှိရပါတယ်။

မိမိတို့နိုင်ငံမှာတော့ ရှေးဘုရင်တွေက အသက် ၂၀ က ၅၀ အကြား အစုမျိုးရိုးက အမျိုးသားတွေကို အရန်တပ်စစ်သည်တွေအဖြစ် စစ်မှုထမ်းစေခဲ့ပါတယ်။ မြင်းစု အစုမျိုးရိုးကတော့ မြင်းတွေကို ကောင်းကောင်း လေ့ကျင့်မွေးမြူကြရပြီး အသက် ၂၀ ကနေ ၄၀ အထိ အချိန်ပြည့် အမြဲတမ်းမြင်းစီးသူရဲတွေအဖြစ် စစ်မှုထမ်းကြရပါတယ်။ သွေးသောက်စုကတော့ ဘုရင့်အမြဲတမ်းတပ်မတော်ရဲ့ စစ်ရေးကေဒါတွေဖြစ်ပြီး စစ်မက်ဖြစ်ပွားခဲ့ရင် အရန်တပ်တွေရဲ့ တပ်မှူးငယ်တွေ၊ စစ်ဦးစီးငယ်တွေ၊ တပ်ထိန်းတွေအဖြစ် အမှုထမ်းရပါတယ်။

ပုဂံခေတ်မှစ၍ ထောင်ပြုမြို့၊ ရာပြုမြို့ စသည့် မြို့ပြများတည်ရပြီး စစ်မှုထမ်းဖို့ ဆင့်ခေါ်ခံရတဲ့အခါ မြို့အလိုက် လူဦးရေ ထောင်ဂဏန်း၊ ရာဂဏန်း လာရောက်စစ်မှုထမ်းရပါတယ်။ လွတ်လပ်ရေးတိုက်ပွဲဝင်ကာလ ဗန်ကောက်မြို့မှာ လူအင်အား ၂၀၀ နဲ့ စတင်ခဲ့တဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော်ဟာ ခြောက်လဝန်းကျင်မှာတင် အင်အားငါးသောင်းအထိ စည်းရုံးနိုင်ခဲ့ခြင်းမှသည် လွတ်လပ်ရေးတိုက်ပွဲဝင်ကြတဲ့အထိ သမိုင်းမှတ်တမ်းတွေက ပြည်သူတွေ စစ်မှုထမ်းခဲ့ကြတဲ့ သာဓကပဲ မဟုတ်ပါလား။ မြန်မာနိုင်ငံအနေနဲ့ ၁၉၆၇ ခုနှစ်မှာ ပြည်သူ့စစ်မဟာဗျူဟာကို ရေးဆွဲအကောင်အထည်ဖော်နိုင်ခဲ့တဲ့အတွက် ပြည်သူတွေအားလုံးပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာကြောင့် တရုတ်ဖြူ**ကူမင်တန် ကျူးကျော်စစ်**၊ ပြည်တွင်းသောင်းကျန်းမှုတွေကို ကျော်လွှားအောင်မြင်နိုင်ခဲ့ပါတယ်။ ယနေ့ကာလမှာလည်း လက်ရှိ နိုင်ငံရဲ့အခြေအနေအရ ပြည်သူ့စစ်မဟာဗျူဟာ ပြည်သူအားလုံးပါတဲ့ အမျိုးသားအမှုထမ်းစနစ်ကျင့်သုံးဖို့ လိုအပ်လာခဲ့ပြီ ဖြစ်ပါတယ်။

### ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်

မိမိတို့နိုင်ငံရဲ့ အသက်သွေးလို့ တင်စားလို့ရတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းချက်တွေအနက် ပုဒ်မ ၃၈၅ မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိတယ်လို့ ပြဋ္ဌာန်းထားသလို၊ ၃၈၆ မှာတော့ နိုင်ငံသားတိုင်း ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ စစ်ပညာသင်ကြားဖို့နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိကြောင်းနဲ့ အခြေခံဥပဒေ ၃၃၉ မှာတော့ နိုင်ငံတော်ကိုပြည်တွင်း/ပြည်ပအန္တရာယ်မှကာကွယ်ဖို့ တပ်မတော်က ဦးဆောင်ရမယ်၊ ပုဒ်မ ၃၄၀ မှာ တပ်မတော်ဟာ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီရဲ့ သဘောတူညီချက်နဲ့ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးမှာ ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိတဲ့အပြင် တပ်မတော်ရဲ့ ဦးဆောင်မှုနဲ့ ပြည်သူ့စစ်မဟာဗျူဟာ ဖော်ဆောင်ရမယ်လို့ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။

အဲဒီလိုအချက်တွေကြောင့်ပဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်တဲ့နေ့အဖြစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့က သတ်မှတ်ကြေညာခဲ့ပါတယ်။ ဒီဥပဒေက အခုချက်ချင်း စတင်ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေ မဟုတ်ပါဘူး။ ၁၉၅၉ ခုနှစ်ကတည်းက ပြဋ္ဌာန်းထားတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ်မှာ ပြန်လည်ပြင်ဆင်သတ်မှတ်ထားတာ ဖြစ်ပါတယ်။ အသက် ၁၈ နှစ်မှ ၃၅ နှစ်အထိ အမျိုးသားအားလုံး၊ အသက် ၁၈ နှစ်မှ ၂၇ နှစ်အထိ အမျိုးသမီးတွေအားလုံးတို့က စစ်မှုထမ်းဆောင်ကြရမှာဖြစ်ပြီး စက်မှုလက်မှုအပါအဝင် ကျွမ်းကျင်ပညာရှင်ဖြစ်မယ်ဆိုရင် အမျိုးသားတွေက ၄၅ နှစ်အထိ၊ အမျိုးသမီးများက ၃၅ နှစ်အထိ အကျုံးဝင်ပါတယ်။ စစ်မှုထမ်းဆောင်ရမယ့်ကာလကတော့ ၂၄ လ (နှစ်နှစ်) ဖြစ်ပါတယ်။ ကျွမ်းကျင်ပညာရှင်များအနေနဲ့ ၃၆ လ (သုံးနှစ်) ဖြစ်ပါတယ်။

စစ်မှုထမ်းဆောင်ဖို့ကင်းလွတ်ခွင့်၊ ကာလတိုယာယီရွှေ့ဆိုင်းခွင့် စတဲ့သတ်မှတ်ချက်တွေ၊ လိုက်နာရမယ့် သတ်မှတ်ချက်တွေနဲ့ အကျိုးခံစားခွင့်တွေ၊ ဖောက်ဖျက်ပါက ပြစ်မှုပြစ်ဒဏ်တွေကိုလည်း ဥပဒေမှာ ထည့်သွင်းထားပါတယ်။ စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့တွေကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနဲ့ ဗဟိုအဆင့်ဆင့် ဖွဲ့စည်းမှာဖြစ်ပြီး ရပ်ကွက်အုပ်ချုပ်ရေးရုံးတွေကနေ နှစ်စဉ် စစ်မှုထမ်းဖို့အရွယ်ရောက်သူစာရင်းကို ဇန်နဝါရီလ ၁ ရက်ထက် နောက်မကျဘဲ စုဆောင်းပေးပို့ရမယ်လို့ ဥပဒေမှာပါရှိပါတယ်။ အသက်မီသူတွေကို မြို့နယ်အလိုက် မှတ်ပုံတင်ထားပြီး ဆေးစစ်ဆေးမှုခံယူပြီးမှသာ စစ်မှုထမ်းဖို့ ဥပဒေနဲ့အညီ ဆင့်ခေါ်သွားမှာ ဖြစ်ပါတယ်။

“နိုင်ငံတကာမှာလည်း တစ်နိုင်ငံနဲ့တစ်နိုင်ငံကြား ပေါ်ပေါက်လေ့ရှိတဲ့ ကိစ္စရပ်တွေအတွက် နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးကို အလေးထားတဲ့ အနေနဲ့ ပြည်သူတိုင်း စစ်ပညာတတ်မြောက်ရမယ်၊ စစ်မှုထမ်း အတွေ့အကြုံရှိရမယ်၊ အချိန်မရွေး စစ်တိုက်တတ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ စစ်မှုထမ်းကြရပါတယ်။ စစ်မှုထမ်းကြရတဲ့အခါ အကြိုလေ့ကျင့်မှုတွေကြောင့် နိုင်ငံသားလူငယ်တွေဟာ ကာယသန်စွမ်းမှု၊ နိုးကြားဖျတ်လတ်မှု၊ စည်းစနစ်ကျနမှု၊ တိကျသေချာမှု၊ အမိန့်နာခံတတ်မှုနဲ့ အများနဲ့ယှဉ်တွဲ နေထိုင်တတ်မှုတွေအပြင် အဓိကအရေးကြီးဆုံးဖြစ်တဲ့ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တွေ ကိန်းအောင်းလာနိုင်စေပါတယ်။ ဒါ့အပြင် အခြေခံကျွမ်းကျင်မှုတွေ၊ အခြေခံသိမှုနယ်ပယ်တွေ ပိုမိုမြှင့်တင်ရာရောက်တဲ့အပြင် ကျန်းမာကြံ့ခိုင်တဲ့ အလေ့အကျင့်ကောင်းတွေကိုလည်း ရရှိနိုင်စေပါတယ်”

### အလေ့အကျင့်ကောင်းတွေရရှိစေ

နိုင်ငံတကာမှာလည်း တစ်နိုင်ငံနဲ့တစ်နိုင်ငံကြား ပေါ်ပေါက်လေ့ရှိတဲ့ကိစ္စရပ်တွေအတွက် နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးကို အလေးထားတဲ့အနေနဲ့ ပြည်သူတိုင်း စစ်ပညာတတ်မြောက်ရမယ်၊ စစ်မှုထမ်းအတွေ့အကြုံရှိရမယ်၊ အချိန်မရွေး စစ်တိုက်တတ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ စစ်မှုထမ်းကြရပါတယ်။ စစ်မှုထမ်းကြရတဲ့အခါ အကြိုလေ့ကျင့်မှုတွေကြောင့် နိုင်ငံသားလူငယ်တွေဟာ ကာယသန်စွမ်းမှု၊ နိုးကြားဖျတ်လတ်မှု၊ စည်းစနစ်ကျနမှု၊ တိကျသေချာမှု၊ အမိန့်နာခံတတ်မှုနဲ့ အများနဲ့ယှဉ်တွဲ နေထိုင်တတ်မှုတွေအပြင် အဓိက အရေးကြီးဆုံးဖြစ်တဲ့ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တွေ ကိန်းအောင်းလာနိုင်စေပါတယ်။ ဒါ့အပြင် အခြေခံကျွမ်းကျင်မှုတွေ၊ အခြေခံသိမှုနယ်ပယ်တွေ ပိုမိုမြှင့်တင်ရာရောက်တဲ့အပြင် ကျန်းမာကြံ့ခိုင်တဲ့ အလေ့အကျင့်ကောင်းတွေကိုလည်း ရရှိနိုင်စေပါတယ်။

ကမ္ဘာမှာ စစ်မှုမထမ်းမနေရ ဥပဒေပြဋ္ဌာန်းပြီး တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ ၁၈ နိုင်ငံရှိတယ်လို့ သိရှိရပါတယ်။ မိမိတို့နဲ့အနီးဆုံး စင်ကာပူနိုင်ငံဟာ လွတ်လပ်ရေးရပြီးစကတည်းက ပြည်သူ့တပ်မတော်ဆိုတဲ့ မိုဒယ်ကိုယူထားသလို စစ်မှုမထမ်းမနေရစနစ်ကို ကျင့်သုံးပါတယ်။ ဒါကြောင့် ၂၀၀၄ ခုနှစ်ကတည်းက လေ့ကျင့်ရည်ပြည့်ဝတဲ့ စစ်သည် ခုနစ်သောင်းကျော်ကို အရန်အင်အားအဖြစ် တည်ဆောက်ထားနိုင်ခဲ့ပါတယ်။ မိမိတို့ နိုင်ငံသားလူငယ်တွေနဲ့ အကျွမ်းတဝင်ရှိတဲ့ တောင်ကိုရီးယားနိုင်ငံမှာ ကျန်းမာသန်စွမ်းတဲ့ အမျိုးသားအားလုံးဟာ အသက် ၁၈ နှစ်ကနေ အသက် ၃၀ မကျော်ခင် စစ်မှုမထမ်းမနေရဖြစ်ပြီး ၁၈ လကနေ ၂၁ လအထိ တာဝန်ထမ်းဆောင်ကြရပါတယ်။ အဲဒီလိုပဲ ဆွစ်ဇာလန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အရ အသက် ၂၀ မှ ၅၀ နှစ်အတွင်း ကျန်းမာသန်စွမ်းတဲ့

*စာမျက်နှာ ၁၁ သို့*

“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်တဲ့နေ့အဖြစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့က သတ်မှတ်ကြေညာခဲ့ပါတယ်။ ဒီဥပဒေက အခုချက်ချင်း စတင်ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေ မဟုတ်ပါဘူး။ ၁၉၅၉ ခုနှစ်ကတည်းက ပြဋ္ဌာန်းထားတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ်မှာ ပြန်လည်ပြင်ဆင်သတ်မှတ်ထားတာဖြစ်ပါတယ်။ အသက် ၁၈ နှစ်မှ ၃၅ နှစ်အထိ အမျိုးသားအားလုံး၊ အသက် ၁၈ နှစ်မှ ၂၇ နှစ်အထိ အမျိုးသမီးတွေအားလုံးတို့က စစ်မှုထမ်းဆောင်ကြရမှာဖြစ်ပြီး စက်မှုလက်မှု အပါအဝင် ကျွမ်းကျင်ပညာရှင်ဖြစ်မယ်ဆိုရင် အမျိုးသားတွေက ၄၅ နှစ်အထိ၊ အမျိုးသမီးများက ၃၅ နှစ်အထိ အကျုံးဝင်ပါတယ်။ စစ်မှုထမ်းဆောင်ရမယ့်ကာလကတော့ ၂၄ လ (နှစ်နှစ်) ဖြစ်ပါတယ်။ ကျွမ်းကျင်ပညာရှင်များအနေနဲ့ ၃၆ လ (သုံးနှစ်) ဖြစ်ပါတယ်”

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ပေးအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**
နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၉) ကျောင်းဆင်း အရာရှိများနှင့် မိသားစုဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၉) ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၅၀၀ ကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၅၀ ကိုလည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၅၀ နှင့် ကျပ်သိန်း ၁၅၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် တာဝန်ရှိသူများက တိုင်းမှူးထံ အသီးသီး ဂုဏ်ပြုပေးအပ်ကြသည်။ (ဓာတ်ပုံ)

ထို့နောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြဝတီခရိုင် ပြည်သူ့ဆေးရုံကြီး၌ Pfizer ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

**မြဝတီ ဖေဖော်ဝါရီ ၁၄**
ကရင်ပြည်နယ် မြဝတီမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ အနေဖြင့် ကိုဗစ် - ၁၉ ရောဂါကို ကြိုတင်ကာကွယ်နိုင်ရန် ယနေ့နံနက် ၉ နာရီတွင် မြဝတီခရိုင်ပြည်သူ့ဆေးရုံကြီး၌ Pfizer ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးသည်။

အဆိုပါကာကွယ်ဆေးထိုးနှံပေးခြင်းကို မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများအား မြဝတီခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာခင်ဝင်း ဦးဆောင်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးအေးဖြူနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်စည်းကမ်းချက်များအတိုင်း တစ်ဦးချင်းစစ်ဆေးပေးပြီး Pfizer ကာကွယ်ဆေးထပ်ဆောင်းထိုးနှံပေးသည်။ ယင်းကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းအားဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပါက ပြင်းထန်မှုနှင့် သေဆုံးမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

နိုင်ငံသားတိုင်း စစ်မှုထမ်းရပါတယ်။ အရာရှိဖြစ်မယ်ဆိုရင် အသက် ၅၅ နှစ်အထိ စစ်မှုထမ်းရပြီး စစ်မှုထမ်းရန် လိုအပ်သောအရည်အချင်း မပြည့်စုံသူတွေက အခွန်ပိုပေးဆောင်ကြရပါတယ်။

**နိုင်ငံသားတိုင်းရဲ့တာဝန်**

နိုင်ငံတစ်နိုင်ငံကို တည်ဆောက်တဲ့အခါ မိမိတို့နိုင်ငံက ပထဝီအနေအထားအရ အချက်အချာကျတဲ့ နိုင်ငံဖြစ်တဲ့အတွက် အခွင့်အရေးတွေနဲ့အပြိုင် စိန်ခေါ်မှုတွေလည်းကြုံတွေ့ရပါတယ်။ လက်ရှိကမ္ဘာပေါ်က ဖွံ့ဖြိုးဆဲနဲ့ ဖွံ့ဖြိုးမှုနှေးကွေးနောက်ကျတဲ့ နိုင်ငံအများစုက ကမ္ဘာ့အလယ်တင့်တယ်စေဖို့ စီးပွားရေးအင်အားနဲ့ ကာကွယ်ရေးအင်အားကို ဖြည့်တင်းကြရပါတယ်။ ပြည်တွင်းစည်းလုံးညီညွတ်ခြင်းကနေ နိုင်ငံ့စီးပွားရေးဦးမော့လာအောင် ကြိုးပမ်းကြရသလို အခြားနိုင်ငံတွေက မထီမဲ့မြင်ပြုလုပ်တာကိုမခံကြရဖို့ အင်အားတောင့်တင်းဖို့ ကြိုးပမ်းကြရပါတယ်။

မျိုးချစ်စိတ်ရှိတဲ့နိုင်ငံသားတိုင်း၊ နိုင်ငံချစ်စိတ်ရှိတဲ့နိုင်ငံသားတိုင်းက ကာကွယ်နိုင်ဖို့ ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းပေးရေး၊ ဒေသခံကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းပေးရေး အင်တိုက်အားတိုက်တောင်းဆိုနေတာတွေရှိတဲ့အခါ လက်ရှိမှာလည်း ပြည်သူ့စစ်အဖွဲ့တွေ၊ ဒေသခံကာကွယ်ရေးအဖွဲ့တွေကို ဖွဲ့စည်းနေကြတာပါ။ အခုလို ပိုမိုကောင်းမွန်တဲ့ ဥပဒေနဲ့ စနစ်တကျ တည်ဆောက်လိုက်ခြင်းကနေ နိုင်ငံအတွက် ကောင်းမွန်တဲ့အလားအလာကို ဖန်တီးသွားနိုင်ပါလိမ့်မယ်။

လက်ရှိ မြန်မာ့တပ်မတော်သားတွေအားလုံးက မျိုးချစ်စိတ်ဓာတ်ပြည့်ဝတဲ့ တိုင်းရင်းသားလူငယ်တွေဖြစ်ကြပြီး မိမိသဘောဆန္ဒအလျောက် ဝင်ရောက်စစ်မှုထမ်းဆောင်တဲ့ တပ်သားတွေနဲ့ စုစည်းထားတာ ဆယ်စုနှစ်ပေါင်းများစွာ ရှိခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဟာ နိုင်ငံသားတိုင်းရဲ့ တာဝန်ဖြစ်တာကြောင့် ပေါ်ထွက်လာတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေက နိုင်ငံသားတိုင်းအတွက် စစ်မှန်တဲ့ခံယူချက်ကို မှတ်ကျောက်တင်ပေးနိုင်တဲ့အပြင် နိုင်ငံကြီးသားပီသသူတွေအဖြစ် ရေးထိုးမှတ်တမ်းတင်နိုင်မယ့် အခွင့်အလမ်းအဖြစ် မှတ်ယူကြသင့်ပါတယ်။

တပ်မတော်မှာ တာဝန်ထမ်းဆောင်ပြီဆိုတာနဲ့ ဂျီနီဗာကွန်ဗင်းရှင်း၊ စစ်သည်တော်ကျင့်ဝတ် စတာတွေနဲ့အညီ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်ဝတ္တရားအောက်မှာ အနီ၊ အစိမ်း၊ အပြာ၊ အဝါ စတဲ့ ကာလာမတူ ဝါဒမတူညီမှု အသီးသီး အားလုံးချုပ်ငြိမ်းပြီး ပြည်ထောင်စုသားအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တွေ့ဆုံနိုင်ကြမယ်လို့ မျှော်လင့်ရသလို လူငယ်တွေအနေနဲ့လည်း

> **“မြန်မာနိုင်ငံအနေနဲ့ ၁၉၆၇ ခုနှစ်မှာ ပြည်သူ့စစ်မဟာဗျူဟာကို ရေးဆွဲအကောင်အထည်ဖော်နိုင်ခဲ့တဲ့အတွက် ပြည်သူတွေအားလုံးပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာကြောင့် တရုတ်ဖြူကူမင်တန် ကျူးကျော်စစ်၊ ပြည်တွင်းသောင်းကျန်းမှုတွေကို ကျော်လွှားအောင်မြင်နိုင်ခဲ့ပါတယ်။ ယနေ့ကာလမှာလည်း လက်ရှိနိုင်ငံရဲ့ အခြေအနေအရ ပြည်သူ့စစ်မဟာဗျူဟာ ပြည်သူအားလုံးပါတဲ့ အမျိုးသားအမှုထမ်းစနစ်ကျင့်သုံးဖို့ လိုအပ်လာခဲ့ပြီ ဖြစ်ပါတယ်”**

တပ်မတော်ရဲ့မူဝါဒတွေ၊ ရပ်တည်ချက်တွေကို သိရှိနားလည်သဘောပေါက်ရာကနေ အနာဂတ်မှာ စစ်ဘက်- အရပ်ဘက်ဆက်ဆံရေး ကောင်းမွန်လာနိုင်စေနိုင်မယ်လို့ ယူဆမိပါတယ်။

စွန့်စားလိုတဲ့လူငယ်တွေ၊ တိုင်းပြည်အတွက် ကျရာတာဝန်ထမ်းဆောင်ရင်း လူငယ်ဘဝ အတွေ့အကြုံရယူလိုတဲ့ လူငယ်တွေအတွက်တော့ အခုလို စစ်မှုထမ်းခွင့်ကို မျှော်လင့်နေကြပေမယ့် ပြည်ဖျက်မီဒီယာအချို့နဲ့ တိုင်းပြည်သစ္စာဖောက် အကြမ်းဖက်အဖွဲ့အစည်းတွေကတော့ အခုလို နိုင်ငံအတွက် လိုအပ်ချက်အရ ပြဋ္ဌာန်းလိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအပေါ် အမျိုးမျိုးသောတိုက်ခိုက်မှုတွေ၊ မဟုတ်မမှန် သတင်းအချက်အလက်တွေနဲ့အကြောက်တရားတွေဖြစ်ပေါ်အောင် အမျိုးမျိုးမှိုင်းတိုက်ကြဦးမှာမို့ ပြည်သူများ နိုင်ငံအတွက် မျက်နှာမူကြရမယ့် အချိန်ဆိုတာ သတိပြုစေလိုပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အားလုံးမျှော်လင့်တောင့်တနေတဲ့ တည်ငြိမ်အေးချမ်းမှုကို ရရှိဖို့၊ ပြည်သူများလိုလားတဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကိုတည်ဆောက်ဖို့ ပြည်သူ့စစ်မှုထမ်းစနစ်ကို လိုက်နာပါဝင်ကြရင်း နိုင်ငံနဲ့ ပြည်သူအားလုံးရဲ့ အနာဂတ်အတွက် အမှုတော် ထမ်းရွက်ကျေပွန်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

* *ကျောဖုံးမှ*

၁၂ ပွဲဆက်တိုက် အနိုင်ရရှိကာ ရမှတ် ၃၆ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး MIU အသင်းက ၂၈ မှတ်၊ Winner Soccer အသင်းနှင့် Generations အသင်းတို့က ၂၃ မှတ်စီ၊ Futsal-19 အသင်းက ၁၆ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ၁၅ မှတ်၊ လင်းလက်အသင်းက ၁၀ မှတ်၊ Dream Team အသင်းက ကိုးမှတ်၊ M2K အသင်းက ရှစ်မှတ်၊ လက်ဝဲသုနရအသင်းက ခုနစ်မှတ် ရရှိထားသည်။ ပွဲစဉ် (၁၂)တွင် ဇယားထိပ်ပိုင်းမှ VUC အသင်းနှင့် MIU အသင်းတို့ နိုင်ပွဲဆက်ခဲ့ပြီး Winner Soccer အသင်းနှင့် Generations အသင်းတို့ နိုင်ပွဲပျောက်ဆုံးခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

❏ *ကျောဖုံးမှ*

ခုခံကာကွယ်ခဲ့ရသည်။ ထို့အပြင် ကိုပင်ဟောဂင်အသင်းသည် မန်စီးတီးအသင်းဘက်သို့ ဂိုးကန်သွင်းချက်ပေါင်း လေးကြိမ်သာရရှိခဲ့ပြီး တစ်ကြိမ်သာ ဂိုးပေါက်တည့်မတ်မှုရှိခဲ့သည်။

**သွင်းဂိုးများသွင်းယူပေး**

မန်စီးတီးအသင်းမှ အားထားရသည့် ကွင်းလယ်တိုက်စစ်ကစားသမား ဒီဘရိုင်းသည် ဇန်နဝါရီ ၇ ရက်တွင် ဒဏ်ရာမှပြန်လည်သက်သာလာပြီးနောက်ပိုင်း ဂိုးပါဝင်ပတ်သက်မှု ရှစ်ကြိမ် (နှစ်ဂိုးသွင်း၊ ခြောက်ကြိမ်ဂိုးဖန်တီး) အထိ ရှိလာပြီဖြစ်သည်။ မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို ဒီဘရိုင်း၊ ဆေးဗားလ်နှင့် ဖိုဒင်တို့က သွင်းယူပေးပြီး အိမ်ရှင်ကိုပင်ဟောဂင်အသင်းအတွက် သွင်းဂိုးကို မတ်ဆန်က သွင်းယူပေးခဲ့သည်။

ကိုဗင်ဟောဂင်နှင့် မန်စီးတီးအသင်းတို့၏ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်ကို မတ်လ ၇ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**တစ်လုံးတည်းသွင်းဂိုးဖြင့်အနိုင်ရ**

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့မှ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၂ နာရီခွဲတွင် ဘွန်ဒက်စ်လီဂါကလပ် လိုက်ပ်ဇစ်နှင့် လာလီဂါကလပ် ရီးရဲမက်ဒရစ်အသင်းတို့ တစ်ချိန်တည်း ယှဉ်ပြိုင်ကစားခဲ့ပြီး ရီးရဲမက်ဒရစ်အသင်းက ဒီယက်ဇ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# ပြည်သူ့စစ်မှုထမ်းဥပဒေ၊ အရန်တပ်ဖွဲ့ဥပဒေနှင့်ပတ်သက်၍ ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်နေသည့် ကောလာဟလသတင်းများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ အရန်တပ်ဖွဲ့ဥပဒေတွေကို အာဏာတည်စေမယ့်ရက်များ အတည်ပြုသတ်မှတ်ပြီးဖြစ်ပါတယ်။ အဲဒီလို အတည်ပြုတဲ့နေရာမှာ တချို့သော ပြည်ဖျက်မီဒီယာများရဲ့ ထုတ်လွှင့်ချက်တွေ၊ တချို့သော သောင်းကျန်းသူအဖွဲ့အစည်းများ၊ တချို့သော အကြမ်းဖက်အဖွဲ့အစည်းများရဲ့ လှုံ့ဆော်မှုတွေကြောင့် မိဘပြည်သူများနဲ့ တချို့သော လူငယ်၊ လူရွယ်များသည် ဒါနဲ့ပတ်သက်ပြီး ထင်ယောင်ထင်မှားဖြစ်နေတာလေးတွေ ရှိကြောင်းလည်း တွေ့ရှိရပါတယ်။ တချို့ကတော့ ဒီလိုမျိုးဖြစ်အောင်ကို တမင်ဖန်တီးပြီး တမင်လှုံ့ဆော်နေတာဖြစ်ပါတယ်။ တချို့သော ပြည်ဖျက်မီဒီယာများအနေနဲ့လည်း ကျွန်တော်ပြောခဲ့တဲ့ ဟာတွေရှိပါတယ်။ အဲဒီထဲကမှ သူတို့လိုချင်တဲ့ဟာလောက်ပဲ ဖြတ်ညှပ်ကပ်ပြီး လူငယ်၊ လူရွယ်တွေ၊ မိဘပြည်သူတွေကို စိုးရိမ်ထိတ်လန့်အောင် လုပ်နေတာဖြစ်ပါတယ်။ စိုးရိမ်ထိတ်လန့်အောင် ပြုလုပ်ခြင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် တစ်ခုပြောချင်ပါတယ်။ ဒါတွေက ဘာတုံးဆိုတော့ သူတို့အနေနဲ့က နိုင်ငံတော်မှာ မဲလိမ်မဲခိုးမှုတွေကြောင့် တပ်မတော်အနေနဲ့ နိုင်ငံတော်တာဝန် စတင်ယူကတည်းကတိုင် တိုင်းပြည်တစ်ခုလုံးကို စိုးရိမ်ထိတ်လန့်မှုဖြစ်အောင် အမြဲတမ်းဖန်တီးနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ အခုချိန်မှာတော့ ပိုပြီးဆောင်ရွက်လာတာတွေကို တွေ့ရမှာဖြစ်ပါတယ်။ အဓိကအနေနဲ့ လူငယ်၊ လူရွယ်တွေကို ဥပဒေပြင်ပကို ရောက်သွားအောင်၊ သူတို့လိုအကြမ်းဖက်သမားဘဝမျိုးကို ရောက်ရှိအောင် ဆောင်ရွက်နေတာ တွေ့ရမှာဖြစ်ပါတယ်။ ဥပဒေလမ်းကြောင်းမှန်အတိုင်းနေချင်တဲ့ နိုင်ငံချစ်စိတ်ရှိတဲ့၊ မျိုးချစ်စိတ်ရှိတဲ့၊ WE ARE MYANMAR ဆိုတဲ့ စိတ်ဓာတ်ရှိတဲ့ လူငယ်၊ လူရွယ်တွေ မိသားစုတွေကိုပဲ ဦးတည်ပြီးတော့ ပြောင်းလဲသွားအောင် ပစ်မှတ်ထား ဆောင်ရွက်နေတဲ့ သဘောမျိုးတွေ တွေ့ရပါတယ်။ ဒီနေရာမှာ ပြည်သူ့စစ်မှုထမ်းဥပဒေမှာရော၊ အရန်တပ်ဖွဲ့ဥပဒေမှာရော ကျွန်တော် ပထမဦးဆုံး ခိုင်ခိုင်မာမာပြောချင်တာက အကျုံးဝင်တဲ့သူတိုင်းကိုလည်း ကျွန်တော်တို့ခေါ်မှာမဟုတ်ပါဘူး။ ခေါ်စရာလည်း အကြောင်းမရှိပါဘူး။ မနေ့ကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ နိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံတဲ့အချိန်မှာ ဒါတွေနဲ့ပတ်သက်ပြီးတော့ အထူးအလေးထား ရှင်းပြခဲ့ပြီးဖြစ်တယ်။ ဒီဟာသည် ပြည်တွင်း၊ ပြည်ပအန္တရာယ်ဆိုတာထက် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို တိုင်းရင်းသားပြည်သူအားလုံး၊ လူငယ်၊ လူရွယ်အားလုံး သိရမယ်၊ တတ်ရမယ်။ ဒီ့တာဝန်အရေး ၃ ပါးကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာလည်း ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ ပတ်သက်ပြီး မနေ့ကလည်း ရှင်းလင်းပြောပြခဲ့ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်းအကျုံးဝင်တဲ့လူ အနည်းဆုံး ၁၃ သန်းရှိပါတယ်။ အမျိုးသား ၆ ဒသမ ၃ သန်း၊ အမျိုးသမီး ၇ ဒသမ ၇ သန်းပေါ့ ဒီလောက်ရှိတယ်။ ရှိတဲ့အထဲမှာမှ အမျိုးသားလောက်ပဲ တွက်ကြည့်ဦး၊ အမျိုးသား ၆ ဒသမ ၃ သန်းထဲမှာ ကျွန်တော်တို့အနေနဲ့ တစ်နှစ်တစ်နှစ်ကို ခေါ်နိုင်တဲ့လူဦးရေ ငါးသောင်းထက် ပိုနိုင်စရာ အကြောင်းမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့အနေနဲ့ ခေါ်ယူထားတဲ့ပြည်သူ့စစ်မှုထမ်း ဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်မယ့် သူတွေအားလုံးကို အဆင့်အလိုက်၊ အရည်အချင်းအလိုက် လစာ၊ ရိက္ခာ၊ ခံစားခွင့် အားလုံးပေးရမှာ ဖြစ်ပါတယ်။ ပြီးရင် လေ့ကျင့်မှု၊ လေ့ကျင့်မှုကိုလည်း တပ်မတော်သားတွေ တတ်သင့်တတ်ထိုက်တဲ့ နိုင်ငံတော်ကာကွယ်ရေးပညာရပ် အားလုံးကို အချိန်ပေးပြီး သင်ကြားပေးရမှာ ဖြစ်တယ်။ ဒီလိုသင်ကြားပေးပြီးမှ ကျွန်တော်တို့အနေနဲ့ တာဝန်ထမ်းဆောင်စေရမှာဖြစ်တယ်။ တာဝန်ထမ်းဆောင်စေတဲ့နေရာမှာလည်း အဆင့်အလိုက်နဲ့ အရည်အချင်းအလိုက်၊ အတွေ့အကြုံအလိုက်နဲ့ ရာထူးတာဝန်ပေးပြီး တာဝန်ထမ်းဆောင်စေရမှာ ဖြစ်တယ်။ ဒီလိုမျိုးဆောင်ရွက်တဲ့နေရာမှာလည်း ပထမဦးဆုံးအပတ်စဉ်တွေမှာ အမျိုးသမီးတွေကို ခေါ်ယူပြီး တာဝန်ထမ်းဆောင်စေဖို့ နည်းမှာဖြစ်ပါတယ်။ ပြီးရင် ကျွန်တော်တို့အနေနဲ့ သင်တန်းပြီးစီးရင် အဓိကတော့ မိမိတို့ရပ်ရွာဒေသမှာရှိတဲ့ လုံခြုံရေးဆိုင်ရာတပ်ဖွဲ့တွေမှာသာ တာဝန်ထမ်းဆောင်စေဖို့အတွက် ရည်ရွယ်ပါတယ်။ အဓိကက စစ်တိုက်ဖို့ဆိုတာထက် လုံခြုံရေး၊ ကာကွယ်ရေးကို ဘယ်လိုအမြင်တွေနဲ့ တာဝန်ထမ်းဆောင်ရမယ်။ လုံခြုံရေး၊ ကာကွယ်ရေးအသိပညာတွေကို ပြည်သူထဲမှာ ပျံ့နှံ့သွားအောင်၊ နောင်ရေရှည်မှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေသည် ကာကွယ်ရေး၊ လုံခြုံရေးနဲ့ ပတ်သက်တဲ့ အသိပညာကြွယ်ဝသော၊ မိမိနိုင်ငံကို မိမိ အင်အား တောင့်တင်းစွာနဲ့ ခိုင်မာစွာနဲ့ ကာကွယ်နိုင်သော၊ မိမိရဲ့လုံခြုံရေး၊ မိမိရဲ့ကာကွယ်ရေးကို အားလုံးက ဝိုင်းဝန်းဆောင်ရွက်နိုင်သော အခြေအနေမျိုးရောက်ရှိအောင် ဆောင်ရွက်ခြင်းဖြစ်တယ်။

ဒီအစိုးရလက်ထက်မှာမှ ဆောင်ရွက်သွားမှာ မဟုတ်ဘူး။ နောင်တက်လာမယ့် ဒီမိုကရေစီအစိုးရလက်ထက်တွေမှာလည်း ဆက်လက်ဆောင်ရွက်သွားမယ့် ရေရှည်စီမံချက် Long Term Plan ဖြစ်တယ်ဆိုတာကို ပြောချင်ပါတယ်။ ဒီနေရာမှာထပ်ပြီး ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ ဒီနေ့ဆိုရင် ကျွန်တော်တို့ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများ ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မြို့နယ်အဆင့်၊ ရပ်ကွက်/ကျေးရွာအဆင့်တွေ ဖွဲ့စည်းသွားမှာဖြစ်တယ်။ စနစ်တကျ ခေါ်ယူမှာ ဖြစ်ပါတယ်။ ဒီလိုခေါ်ယူတဲ့ နေရာမှာလည်း ပညာသင်ကြားနေတဲ့ ကျောင်းသူ/ကျောင်းသားများအနေနဲ့ အသက်အရွယ်အကျုံးဝင်သည့်တိုင်အောင် နိုင်ငံခြားထွက်နေတဲ့ ပညာသင်ကြားနေတဲ့သူတွေက လည်း ပညာဆုံးခန်းတိုင်အောင် ပညာဆက်လက်သင်ကြားခွင့်ရမှာဖြစ်ပါတယ်။ သို့သော် ရေရှည် Long Term Plan မှာတော့ အကျုံးဝင်တဲ့သူတွေအားလုံးသည် နိုင်ငံတော်ကာကွယ်ရေးပညာကို တတ်မြောက်ပြီး ဖြစ်ရမယ်ဆိုတာကို ရည်မှန်းချက်ထားပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီတစ်နှစ် နှစ်နှစ် သုံးလေးနှစ်ရည်မှန်းထားတာ မဟုတ်ပါဘူး။ နောင်နှစ်ပေါင်းများစွာအထိ ရည်မှန်းပြီး ဆောင်ရွက်နေခြင်း ဖြစ်တယ်။ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးသည် နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်လုံခြုံရေးဆိုတဲ့ အသိ၊ အတတ်ပြည့်ဝနေတဲ့သူတွေဖြစ်တယ်ဆိုတာမျိုးဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်တယ်လို့ ပြောချင်ပါတယ်။

ဒါသည် နိုင်ငံတော်ရဲ့ အနာဂတ် မြန်မာဆိုတာ တည်တံ့ခိုင်မြဲဖို့အတွက်၊ အနာဂတ် မြန်မာဆိုတာ ကမ္ဘာတည်သရွေ့ ရှိဖို့အတွက် အာမခံချက်ကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အမျိုးမျိုးသော သွေးထိုးလှုံ့ဆော်မှုတွေ၊ အမျိုးမျိုးသော သွေးခွဲမှုတွေ ၊ အမျိုးမျိုးသော လူငယ်တွေကို တောထဲရောက်အောင် ဆွဲသွင်းနေမှုတွေ ၊ လူငယ်တွေကို လူဆိုးတွေ၊ အကြမ်းဖက်သမားတွေ ဖြစ်အောင် ဆွဲဆောင်နေမှုတွေရှိမှာဖြစ်ပါတယ်။ ဒါတွေကို တာဝန်သိတဲ့ ပြည်သူတစ်ရပ်လုံး၊ မိဘပြည်သူအားလုံး၊ တာဝန်ရှိတယ်လို့ ခံယူထားတဲ့ ပြည်သူတစ်ရပ်လုံး၊ မိဘပြည်သူတွေအားလုံး၊ လူငယ်၊ လူရွယ်တွေအားလုံးက သတိရှိပြီး သတိနဲ့အသိနဲ့ယှဉ်ပြီး ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီး၊ ကျွန်တော်တို့ မြန်မာပြည်ထောင်စုကြီး၊ ကျွန်တော်တို့ မြန်မာဆိုတဲ့ အခေါ်အဝေါ် ကမ္ဘာတည်သရွေ့ တည်ရှိနိုင်ဖို့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးအသိပညာ၊ အတတ်ပညာတွေကို အားလုံးတတ်မြောက်ပြည့်ဝအောင် ဆောင်ရွက်သွားကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။




## ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန် ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးအဆင့် ဆွေးနွေးပွဲကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး အတွင်း ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန် ပိုမိုမြှင့်တင် ဆောင်ရွက်နိုင်ရေး အတွက် တိုင်းဒေသကြီးအဆင့် ဆွေးနွေးပွဲကို ယမန်နေ့က ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပရာ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

သင်တန်းတွင် လူတိုင်း သက်ရှည် ကျန်းမာရေးအတွက် မွေးစမှ သေဆုံးသည်အထိ ဘဝတစ်သက်တာ စဉ်ဆက်မပြတ် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်သူ ပြည်သူ့ကျန်းမာရေး အထူးပြုပညာရှင်များ၊ တိုင်းဒေသကြီးမှ တိုင်းဒေသကြီးအဆင့် ဘာသာရပ်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ ခရိုင်နှင့် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်း ၁၃၀ တက်ရောက်ဆွေးနွေးကြမည်ဖြစ်ပြီး ဆွေးနွေးပွဲကာလမှာ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိဖြစ်သည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီဟ၊ တာဝန်ရှိအဖွဲ့နှင့်အတူ ဒိုက်ဦးမြို့နယ် စစ်ဘိုကြီး ကျေးလက်ကျန်းမာရေးဌာန ပဲခူးမြို့နယ် ပျဉ်ပုံကြီး ကျေးလက်ကျန်းမာရေးဌာနနှင့် ဝမ်းဘဲအင်း ကျေးလက်ကျန်းမာရေးဌာနခွဲများသို့ ကွင်းဆင်း၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခြင်း၊ မှာကြားခြင်းများကို ဆောင်ရွက်ပေးကြောင်း သိရသည်။ **ကိုတွတ်(ပြန်ဆက်)**



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စေတနာရှင် အလှူရှင်ပြည်သူများ လှူဒါန်းသည့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းအခမ်းအနားများကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးတို့တွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်ကြီးအောင်ဧည့်ခန်းမ၌ စေတနာရှင် အလှူရှင်ပြည်သူများ လှူဒါန်းသည့် စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စားသောက်ဖွယ်ရာများကိုပေးအပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာန



ချုပ် မန္တလေးတပ်နယ်မှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ ရဲသူရိန်ခန်းမ၌ စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားသည်။

**လှူဒါန်းမှုများလက်ခံလျက်ရှိ**

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်လျက်ရှိရာ ယနေ့တွင် စုစုပေါင်းငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် စိတ်ဓာတ်ခွန်အားပြည့်စေသည့် စာပေစကားလက်ဆောင်များ ပါဝင်ပြီး စေတနာရှင်အလှူရှင်များ၏ လှူဒါန်းမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များက လက်ခံပေးလျက်ရှိပြီး စဉ်ဆက်မပြတ် ဂုဏ်ပြုပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် နေပြည်တော် – မန္တလေး ရထားလမ်းပိုင်းရှိ ဘူတာများ၊ ရထားလမ်းတံတားများ၊ စက်ခေါင်းပြင်စက်ရုံ(မန္တလေး)၊ ဇလီဖားပေါင်းစက်ရုံ (မြို့ဟောင်း)နှင့် ဝန်ထမ်းနေအိမ်လိုင်းခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၄ ရက်အထိ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ နေပြည်တော် – မန္တလေး ရထားလမ်းပိုင်းရှိ ဘူတာများ၊ ရထားလမ်းတံတားများ၊ စက်ခေါင်းပြင်စက်ရုံ(မန္တလေး)၊ ဇလီဖားပေါင်းစက်ရုံ (မြို့ဟောင်း)နှင့် ဝန်ထမ်းနေအိမ်လိုင်းခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် နေပြည်တော် – မန္တလေး ရထားလမ်းပိုင်းရှိ ဘူတာများ၊ ရထားလမ်းတံတားများ၏ အခြေအနေကို RBE ရထားဖြင့် လိုက်ပါစီးနင်းစစ်ဆေးပြီး ရထားလမ်းဘေးဘယ်/ညာနှင့်ဘူတာယာဒ်ဝင်းရှိ အမှိုက်များရှင်းလင်းရန်၊ လမ်းပိုင်းအတွင်း ကျောက်နည်းသည့်နေရာများတွင် ကျောက်ဖြည့်သွင်း၍ စနစ်တကျ ပက်ကင်ရိုက်ရန်၊ Alignmentနှင့် Super Elevations များမှန်ကန်မှုရှိစေရေး စနစ်တကျ စစ်ဆေး၍ ပြုပြင်ဆောင်ရွက်သွားရန်၊ တံတားများတွင် ဆွေးမြည့်နေသည့် သစ်သားဇလီဖားများ လဲလှယ်သွားရန်၊ တံတားတစ်ခုစီအလိုက် အောက်ခြေသံပေါင် အထိုင် ကောင်း/မကောင်း၊ တံတားရေလယ်တိုင်နှင့် ကမ်းကပ်ခုံများ ကောင်း/ မကောင်း စစ်ဆေးသွားရန်တို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ (မန္တလေး)သို့ သွားရောက်စစ်ဆေးပြီး စက်ခေါင်းများ ပြုပြင်ရာတွင် သတ်မှတ်ထားသည့် Schedule အတိုင်း စနစ်တကျ ကောင်းမွန်အောင်ပြုပြင်ရန်၊ Spare Parts များ လုံလောက်မှုရှိစေရန်နှင့် စက်ရုံဝင်းအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ဝန်ထမ်းများ အရည်အသွေးနှင့် ကျွမ်းကျင်မှု တိုးတက်စေရေး၊ စက်ရုံရှိ စက်ကိရိယာပစ္စည်းများ ရေရှည်ကြံ့ခိုင်ကောင်းမွန်စေရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး စနစ်တကျစီမံဆောင်ရွက်သွားရန်နှင့် ဇလီဖားပေါင်းစက်ရုံ (မြို့ဟောင်း)မှ အထူးဇလီဖားတုံးများ၊ လမ်းပိုင်းဇလီဖားတုံးများ အချိန်မီထုတ်လုပ်ပေးနိုင်ရေးနှင့် အရည်အသွေးပြည့်မီရေး ဆောင်



ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့အပြင် ဒုတိယဝန်ကြီးသည် မန္တလေးရှိ ဝန်ထမ်းနေအိမ်လိုင်းခန်းများ စစ်ဆေးပြီး ဝန်ထမ်းလိုင်းခန်းအတွင်း သောက်/သုံးရေ လုံလောက်စွာရရှိရေး စနစ်တကျ စီမံဆောင်ရွက်ရန်၊ မြန်မာ့မီးရထားဆေးရုံ၊ ဆေးခန်းများ၌ ဝန်ထမ်းမိသားစုများ ဆေးကုသနိုင်ရေး စီမံဆောင်ရွက်ပေးရန်၊ အိမ်ရာကြီးကြပ်ရေးအဖွဲ့ စနစ်တကျဖွဲ့စည်း၍ ပျက်စီးမှုများ ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စေတနာရှင် အလှူရှင်များက နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၁၅၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် ငွေကျပ်သိန်း ၅၀၊ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ ငွေသားနှင့်စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရတနာပုံတက္ကသိုလ်၌ မူးယစ်ဆေးဝါးအသိပညာပေးဟောပြော

**အမရပူရ ဖေဖော်ဝါရီ ၁၄**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမှတ်(၁၈)မူးယစ်တပ်ဖွဲ့စု မန္တလေး(တောင်ပိုင်း)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ရတနာပုံတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အမှတ်(၁၈) မူးယစ်တပ်ဖွဲ့စု မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့စုမှူး ရဲမှူးနိုင်အောင်ခိုင်က မူးယစ်ဆေးဝါး၏ဆိုးကျိုးကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်း)**



# မြင်းခြံမြို့၊ ရမည်းသင်းမြို့၊ ကျောက်ပန်းတောင်းမြို့နှင့် သရက်မြို့တို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲ ပြုလုပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ စတင်၍ အာဏာတည်ကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲများကို ယနေ့တွင်မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ ဗိုလ်ချုပ်ကြေးရုပ်ရှေ့၌လည်းကောင်း၊ ရမည်းသင်းမြို့ရှိ ခရိုင်အားကစားကွင်း၌လည်းကောင်း၊ ကျောင်းပန်းတောင်းမြို့ရှိ မြို့နယ်ဘောလုံးကွင်း၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီး သရက်မြို့ရှိ မြို့နယ်အားကစားကွင်း၌ လည်းကောင်း အသီးသီး ပြုလုပ်ကြသည်။

ဦးစွာ သက်ဆိုင်ရာမြို့နယ်များမှ ဒေသခံတိုင်းရင်း



သားမျိုးချစ်ပြည်သူများက သတ်မှတ်နေရာအသီးသီး၌စုဝေးကြပြီး ကျင်းပမည့်နေရာအသီးသီးသို့ ချီတက်ထောက်ခံကြသည်။ ချီတက်ရာလမ်းတစ်လျှောက်တွင် ဒေသခံမျိုးချစ်ပြည်သူများက "ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အပြည့်အဝထောက်ခံ ကြိုဆိုပါသည်၊ နိုင်ငံတော်ကို ကာကွယ်ဖို့ တစ်မျိုးသားလုံးစစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်ကို ပြည်တွင်း/ပြည်ပ အန္တရာယ်များက ကာကွယ်ဖို့ စစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်" စသည့်ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး သတ်မှတ်နေရာအသီးသီးတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပါသည်ဟု တစ်ခဲနက်ဆန္ဒထုတ်ဖော်ဟောပြောကာ ငြိမ်းချမ်းစွာလူစုခွဲခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သန်လျင်မြို့နယ်တွင် လူငယ်များပေါ်တာဆွဲခံရပြီး စစ်တပ်ထဲတွင်စုဆောင်းခံထားရကြောင်းနှင့် စစ်မှုထမ်းဥပဒေပြဋ္ဌာန်းပြီးနောက် မြို့ကြီးတွေမှာ လူအယောက် ၁၀၀ ကျော် ဖမ်းဆီးခံရကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ငွေသန်းဝင်းရပ်ကွက်တွင် ဖေဖော်ဝါရီ ၁၂ ရက်က တပ်မတော်၊ ရဲနှင့် အုပ်ချုပ်ရေးအဖွဲ့များက တစ်အိမ်တစ်ဦး မဖြစ်မနေပေးရမည်ဟုဆိုကာ အသက်မပြည့်သောကလေးများ အပါအဝင် လူငယ်များကို ပေါ်တာဆွဲခေါ်ဆောင်သွားပြီး သန်လျင်ဘုရားကုန်းအနီး စစ်တပ်ထဲတွင်စုဆောင်း ခံထားရကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ရပ်ကွက်များတွင် တစ်ရပ်ကွက်လျှင် လူငယ် ၂၀ စီစာရင်းပေးရန် တပ်မတော်က တောင်းခံလာကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ သန်လျင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးအတွက် ရက်သတ္တ နှစ်ပတ်ခန့်သင်တန်းပေးဆောင်ရွက်နေပြီး အဆိုပါသင်တန်းတွင်လည်း အသက်မပြည့်သေးသူများ ပါဝင်ခြင်းမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။







အလားတူ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ စစ်ကိုင်း စသည့်မြို့ကြီးတွေမှာလည်း ပြည်သူ့စစ်မှုထမ်းဥပဒေစတင်အာဏာတည်သည့်နေ့ရက်သတ်မှတ်လိုက်သည့် နေ့မှစ၍ လေးရက်အတွင်း လူအယောက် ၁၀၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသွားကြောင်းစသည့် ကောလာဟလသတင်းအမှားများသည် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်အတွက်ပြည်ဖျက်မီဒီယာအချို့မှ သွေးထိုးလှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်သည်။

ထိုသို့ ပြည်ဖျက်မီဒီယာအချို့၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် မိဘပြည်သူများ စိုးရိမ်ပူပန်မှုနှင့် ကြောက်ရွံ့ထိတ်လန့်မှုများ မဖြစ်ပေါ်စေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့မှလည်း နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ရှင်းလင်းပြောကြားလျက်ရှိကြောင်း၊ ပြည်သူများကို ဥပဒေမဲ့ ဖမ်းဆီးသည့် လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မည်သည့်အခါမှဆောင်ရွက်ခြင်းမရှိကြောင်း သတင်းရရှိပါသည်။

**သတင်းစဉ်**

# မန္တလေးမြို့ အိုးဘိုထောင်၌ နိုင်ငံရေးအကျဉ်းသူတစ်ဦး အကျဉ်းထောင်အတွင်း ဆေးကုသမှု လုံလောက်စွာမရရှိဘဲ သေဆုံးသွားကြောင်း ကောလာဟလသတင်းအမှားများကို ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မန္တလေးမြို့ အိုးဘိုထောင်၌ နိုင်ငံရေးအကျဉ်းသူ မယဉ်မိုးသည် အကျဉ်းထောင်အတွင်း ဆေးကုသမှု လုံလောက်စွာ မရရှိခဲ့ဘဲ ကျောက်ကပ်ရောဂါဖြင့် မန္တလေးဆေးရုံကြီး၌သေဆုံးသွားကြောင်း၊ ထောင်တွင်းဆေးရုံမှာ ဘာရောဂါမှန်းမသိဘဲ ကုသမှုခံယူနေရင်း




နေမကောင်းလိုက်၊ ပြင်ပဆေးရုံပို့လိုက်၊ လုံခြုံရေးမပေးနိုင်ဘူးဆိုပြီး အကျဉ်းထောင်သို့ ပြန်ပို့လိုက်နဲ့ ဖေဖော်ဝါရီ ၄ ရက်က သေဆုံးသွားကြောင်း၊ အကျဉ်းထောင်တွင် ဆေးဝါးကုသမှု လုံလောက်စွာ မရရှိကြောင်း ကောလာဟလ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Mizzima ကမဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကိုတွေ့ရှိရသည်။

အဆိုပါကောလာဟလသတင်းနှင့်ပတ်သက်၍ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဖြစ်စဉ်မှာ မယဉ်မိုးသည် အများသူငါသွားသည့် လမ်းပေါ်၌ တာယာကွင်းများအား ခတ်ဆီလောင်း၍မီးရှို့ခြင်း၊ ဆူပူအော်ဟစ်ခြင်း၊ အားပေးကူညီခြင်း၊ ပြစ်မှုများဖြင့် ထောင်ဒဏ်ကျခံနေရသူဖြစ်ကြောင်း၊ အကျဉ်းထောင်လုပ်ငန်းသဘောသဘာဝအရ မန္တလေးထောင်မှ မြင်းခြံထောင်သို့ ရွှေ့ပြောင်းခဲ့ကြောင်း၊ မြင်းခြံထောင်တွင် နှလုံးသွေးတိုးရောဂါ၊ သွေးအားနည်းရောဂါ၊ အမောဖောက်ရောဂါတို့ဖြင့် ထောင်ဆေးရုံတွင် ၁-၇-၂၀၂၃ မှ ၁၀-၇-၂၀၂၃ အထိ ကုသပေးခဲ့ကြောင်း၊ ၁၀-၇-၂၀၂၃ တွင် မြင်းခြံခရိုင် ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသပေးစေခဲ့ကြောင်း၊ သမားတော်ကြီးများက မန္တလေးအထွေထွေ ရောဂါကုဆေးရုံကြီး သို့ ပြောင်းရွှေ့ကုသရန်မှတ်ချက်ပြုပြီး ၂၁-၇-၂၀၂၃ ရက်တွင် ဆေးရုံဆင်းခွင့်ပြုခဲ့ကြောင်း၊ ဆေးဝါး ကုသနိုင်ရန်အတွက် မြင်းခြံထောင်မှ မန္တလေးထောင်သို့ ၇-၈-၂၀၂၃ ရက်တွင် ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ မန္တလေးဆေးရုံကြီးသို့ ၁၄-၉-၂၀၂၃ ရက်တွင် ပြသခဲ့ကြောင်း၊ မန္တလေးဆေးရုံကြီးသို့ ငါးကြိမ်ဆေးရုံတက်ကုသပြီး သမားတော်ကြီးများ၏ ညွှန်ကြားချက်အတိုင်း ကုသဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆေးရုံတင်ပို့ကုသနေစဉ် ၄-၂-၂၀၂၄ ရက်၌ ကျောက်ကပ်ပျက်စီးခြင်း၊ ဆီးမသွားနိုင်ခြင်းရောဂါဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ အကျဉ်းထောင်ဥပဒေအရ နေမကောင်းသူကို ဆေးကုသခွင့်မပေး၍မရကြောင်း၊ အကျဉ်းထောင်ဆေးရုံ၌ အကျဉ်းထောင်ဆရာဝန်နှင့် ကုသနိုင်သလောက်ကုသပေးပြီး လိုအပ်ပါက ပြင်ပပြည်သူ့ဆေးရုံကြီးများသို့ လွှဲပြောင်းကုသပေးရကြောင်း၊ လုံခြုံရေးမပေးနိုင်၍ ဆေးရုံမှ ဆင်းခွင့်တောင်းခြင်းပြုလုပ်၍ မရကြောင်း သတင်းဖော်ပြချက်များမှာ ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန် အဖျက်အမှောင့် ရည်ရွယ်ချက်ဖြင့် ရေးသားဖော်ပြထားသည့် သတင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

> **အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဆီဆိုင်မြို့တွင် ရွှေ့တန်းသွားရန် ငြင်းဆန်ခဲ့သည့် အောင်ဆုဗွေဆေးဖြတ်စခန်းမှ ပအိုဝ်းအမျိုးသား ၁၂ ဦးကို တပ်မတော်မှ ပစ်သတ် သတင်းတု၊ သတင်း အမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့နယ်တွင် ရွှေ့တန်းသွားရန် ငြင်းဆန်ခဲ့သော အောင်ဆုဗွေဆေးဖြတ်စခန်းမှ ပအိုဝ်းအမျိုးသား ၁၂ ဦးကို တပ်မတော်မှ ပစ်ခတ် သတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများအား အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများတွင် လုပ်ကြံသတင်းရေးသား ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဆီဆိုင်မြို့တွင် တပ်မတော်နှင့် ပအိုဝ်းပြည်သူ့စစ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိစေရန် ဆီဆိုင်မြို့နှင့် အနီးဝန်းကျင် ကျေးရွာများသို့ လုံခြုံရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းများကို ပုံမှန်ဆောင်ရွက်လျက် ရှိကြောင်းနှင့် အဆိုပါသတင်းမှာ လုပ်ကြံဖန်တီးရေးသားထားသည့် သတင်းအမှား




သာဖြစ်ကြောင်း သက်ဆိုင်ရာနယ်မြေ လုံခြုံရေးဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို သက်ဆိုင်ရာနယ်မြေရှိ တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားစေရန် သွေးထိုးလှုံ့ဆော်၍ တရားမဝင် ပြည်ဖျက်မီဒီယာများမှ လူမှုကွန်ရက်များတွင် မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပွဲရှာတတ်သော အရေခြုံမီဒီယာများ၏ လုပ်ကြံသတင်းများနှင့် ပတ်သက်၍ ...

ရဲယံ

အွန်လိုင်းတွင် "ပွဲဟေ့" ဟု ဆိုလိုက်လျှင် ဘယ်သူ ဘာဖြစ်သည်ဆိုသည်ကို စိတ်ဝင်စားကြသူများက ဒုန်း ဒေးပင်။ "ပွဲ" ဟု ဆိုကြသည့် ဖြစ်ရပ်အများစုသည် အမှန်အားဖြင့် လူတစ်ဦးတစ်ယောက်၏ ကိုယ်ရေးကိုယ်တာများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များသာ။ အများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဖော်ပြပါကလည်း အကျိုးထက်အပျက်ကို ဦးတည်နေသည်က များသည်သာ။

❖ **ပွဲရှာတတ်သည့် မီဒီယာများသည် အမှန်တစ်စိတ်ကို အမှားတစ်အိတ်နှင့် ရော၍ဖြစ်စေ၊ အမှားချည်းသက်သက်ဖြင့်ဖြစ်စေ သွေးဆူအောင် လုပ်လေ့ရှိသည်။ ငွေကြေးဂယက်က ဘယ်လို၊ ရွှေဈေးဂယက်က ဘယ်လိုဆိုကာလည်း ပွဲရှာတတ်သည်။ လူအများ ဆူဆူညံညံ၊ ပူပူပင်ပင်ဖြင့် ကုန်ဈေးနှုန်းကြီးမြင့်စေမည့်၊ အခြေခံလူတန်းစားကို ထိခိုက်စေမည့်၊ နိုင်ငံကိုထိခိုက်စေမည့် ကိစ္စရပ်များကို ဖန်တီးပြီးအောင်မြင်မှုကို ရှာဖွေတတ်ကြသည်။ ကြည့်ရှုသူများများ၊ ဖြန့်ဝေသူများများဖြင့် ဝင်ငွေကောင်းရေး ကိုသာ ဦးတည်တတ်ကြသည်**

အွန်လိုင်းသုံးစွဲသူ လူအများအကြား ဆူဆူညံညံ ဖြစ်စေရန် ပွဲရှာပေးခြင်းသည် သတင်းမဟုတ်။ သတင်းအတတ်ပညာဖြင့် အသက်မွေးပြီး ကျင့်ဝတ် လိုက်နာသည့် သတင်းဌာနများသည် ထိုသို့ မလုပ်။ သို့သော် သက်ဆိုင်သည်ဖြစ်စေ၊ မသက်ဆိုင်သည် ဖြစ်စေ "ပွဲဟေ့" ဆိုလျှင်ဝင်ရောက်နွှဲလိုက်ရမှ ကျေနပ်သည့် လူတချို့ ရှိနေသည့်အတွက် ပွဲရှာတတ်သည့် အရေခြုံမီဒီယာများက သက်ဆိုးရှည်နေသည်။

## မီဒီယာများသည် အမှန်ကို အမှားဖြင့် သွေးဆူအောင် လုပ်လေ့ရှိ

ပွဲရှာတတ်သည့် မီဒီယာများသည် အမှန်တစ်စိတ်ကို အမှားတစ်အိတ်နှင့် ရော၍ဖြစ်စေ၊ အမှားချည်းသက်သက်ဖြင့်ဖြစ်စေ သွေးဆူအောင် လုပ်လေ့ရှိသည်။ ငွေကြေးဂယက်က ဘယ်လို၊ ရွှေဈေးဂယက်က ဘယ်လို ဆိုကာလည်း ပွဲရှာတတ်သည်။ လူအများ ဆူဆူညံညံ၊ ပူပူပင်ပင်ဖြင့် ကုန်ဈေးနှုန်းကြီးမြင့်စေမည့်၊ အခြေခံလူတန်းစားကို ထိခိုက်စေမည့်၊ နိုင်ငံကိုထိခိုက်စေမည့် ကိစ္စရပ်များကို ဖန်တီးပြီးအောင်မြင်မှုကို ရှာဖွေတတ်ကြသည်။ ကြည့်ရှုသူများများ၊ ဖြန့်ဝေသူများများဖြင့် ဝင်ငွေကောင်းရေးကိုသာ ဦးတည်တတ်ကြသည်။ (သူတို့၏ အကုသိုလ်ကြောင့် သံသရာမှာ ငရဲသက်က ရှည်မည်ဆိုတာ သိသာသည်။ သို့သော် သူတို့က သိလျက်နှင့် မိုက်တွင်းနက်နေဆဲ။ ဤကားစကားချပ်)

ဝင်ငွေကောင်းရေးအတွက် ပြည်သူအများ စိတ်ဝင်စားမည့် ကိစ္စရပ်များကို အဓိက ပစ်မှတ်ထားကြသည်။ သို့အတွက် လူအများ စိတ်ဝင်စားမှုရှိသည့်၊ လူအများနှင့် သက်ဆိုင်သည့် ရွှေဈေး၊ ငွေဈေး၊ စက်သုံးဆီဈေး၊ နိုင်ငံရေးနှင့် ပတ်သက်သည့် ကောလာဟလများနှင့် သတင်းအမှားများကို အမြဲတစေ ဖန်တီးလုပ်ဆောင်လျက်ရှိသည်။

## မီဒီယာကို နိုင်ငံတစ်ခု၏ ကံကြမ္မာ ပြောင်းလဲသွားအောင် အသုံးချမှုများရှိနေ

မီဒီယာစွမ်းအားသည် လူအများကို လွှမ်းမိုးနိုင်စွမ်းရှိသည်၊ အင်အားကြီးမားသည်။ ထိုသို့ အစွမ်းထက်သည့် မီဒီယာကို လူတစ်ဦးတစ်ယောက်မှ အစပြုကာ နိုင်ငံတစ်ခု၏ ကံကြမ္မာအထိ ပြောင်းလဲသွားအောင် မီဒီယာလက်နက်အဖြစ် အသုံးချမှုများ ရှိနေသည်။ အားကောင်းသည့် မီဒီယာစီးကြောင်းတွင် လိုရာပုံဖော်ထားသည့် တင်ဆက်မှုမျိုးစုံကို တင်ပြကြသည်။

မြန်မာနိုင်ငံသည် လူမှုမီဒီယာ မျိုးစုံအသုံးပြုမှုများသည်။ မှားယွင်းသော ကောလာဟလများနှင့် သတင်းအမှားများကို ဖြန့်ချိမှုများက လူမှုမီဒီယာများ၌ အများဆုံး တည်ရှိတတ်သည်။ ယင်းသို့ လူများများသုံးသည့် နေရာတွင် ကောလာဟလများ၊ အမှားများက တွင်တွင်ကျယ်ကျယ် ပျံ့လွင့်နေသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ပြည်သူများ စိုးရိမ်မှုများဖြစ်ပေါ်စေရန် ရည်ရွယ်ပြီး နိုင်ငံရေး အကျဉ်းသားများနှင့် ပတ်သက်သည့် သတင်းတု၊ သတင်းမှားများကို ပြည်ပသြဇာခံမီဒီယာများက တစ်မျိုးစီ မရိုးအောင် ဖော်ပြထားကြသည်။ အင်းစိန် အကျဉ်းထောင်က နိုင်ငံရေးအကျဉ်းသားများ ထောင်ဝင်စာ အပြည့်အဝ မရဟူ၍ CJ Platform Facebook Page တွင် ဖော်ပြသည်က တစ်မျိုး၊ သရက်ထောင်အတွင်း ထောင်အရာရှိက မူးယစ် ဆေးဝါးသွင်းပြီး အကျဉ်းသားများကို ပြန်ရောင်း နေသည်ဟုဆိုကာ DVB TV News Facebook page က ဆိုသည်ကတစ်မျိုး၊ သာယာဝတီထောင်တွင် နိုင်ငံရေးအကျဉ်းသား လေးဦး ရိုက်နှက်တိုက်ပိတ်ခံ ရသည်ဟု ဖော်ပြထားသည့် RFA Burmese Face-book Page က တစ်မျိုးဖြင့် သတင်းမှားများကို အမျိုးမျိုး ရေးသားဖော်ပြခဲ့ကြသည်။

ထိုသို့သော သတင်းမှားများကြောင့် မလိုလားအပ်သည့် စိုးရိမ်မှုများ မဖြစ်ပေါ်စေရန် သက်ဆိုင်ရာ တာဝန်ရှိသူများက လက်တွေ့အမှန် အခြေအနေကို ပြန်လည်ဖြေရှင်းထားသည်ကို တွေ့ရသည်။

အင်းစိန်အကျဉ်းထောင်၌ နိုင်ငံရေးအချုပ်သား ဟူ၍ မရှိကြောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာ ရှိကြောင်း၊ အကျဉ်းထောင်တွင် ထောင်ဝင်စာပစ္စည်း ပေးသည့်စနစ်မှာ အဝင်ဂိတ်တွင်ပေးသည့်သူက ပစ္စည်းစာရင်းနှင့်အတူ မှတ်ပုံတင်ရကြောင်း၊ ဂိတ် အဆင့်ဆင့်တွင် စိစစ်စစ်ဆေးရကြောင်း၊ နောက်ဆုံး ကာယကံရှင်ထံ စာရင်းနှင့်တကွ အပ်နှံပြီး လက်မှတ်ရေးထိုးစေကြောင်း၊ ကွဲလွဲမှုရှိသည်ဟု တင်ပြလာပါက ဖြေရှင်းပေးကြောင်း၊ ဝန်ထမ်းများ အနေဖြင့် အလွဲသုံးစားလုပ်၍ မရကြောင်းနှင့် လုပ်ဆောင်ပါက အရေးယူခံရမည့် ဥပဒေ၊ နည်းဥပဒေ များရှိကြောင်း သိရသည်။

"အကျဉ်းထောင်မှာ နိုင်ငံရေးအကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူဆိုပြီး ခွဲခြား သုံးနှုန်းတာ မရှိပါဘူး။ အခွင့်အရေးချိုးဖောက်ခံရမှု လည်း မရှိပါဘူး။ အကျဉ်းသားအားလုံးဟာ အကျဉ်းထောင်ဥပဒေ၊ နည်းဥပဒေပါအတိုင်း လိုက်နာ နေထိုင်ရမှာ ဖြစ်ပါတယ်။ အကျဉ်းဦးစီးဌာန ဝန်ထမ်းတွေကလည်း အကျဉ်းထောင် ဥပဒေ၊ နည်း ဥပဒေပါအတိုင်း လိုက်နာအုပ်ချုပ်ရမှာဖြစ်ပြီးတော့ ဥပဒေ၊ နည်းဥပဒေကို ကျော်လွန်ပြီး အုပ်ချုပ် ဆောင်ရွက်ခွင့်မရှိပါဘူး" ဟု အင်းစိန်ဗဟို အကျဉ်းထောင်မှ တာဝန်ရှိသူတစ်ဦးက ဖြေရှင်း ပြောကြားသည်။

သရက်ထောင်အတွင်း ထောင်အရာရှိက မူးယစ် ဆေးဝါးသွင်းပြီး အကျဉ်းသားများကို ပြန်ရောင်း သည်ဆိုသည်မှာလည်း သေသေချာချာ စဉ်းစား ကြည့်ပါက မဖြစ်နိုင်သည့် အခြေအနေတစ်ခု။ အကျဉ်းထောင် ဟူသည် ဥပဒေကျူးလွန်ဖောက်ဖျက် သူများကို ဥပဒေ၊ နည်းပဒေနှင့်အညီ စနစ်တကျ အုပ်ချုပ်ထိန်းသိမ်းပြုပြင်ပေးရသည့် နေရာ ဖြစ်သည်။

## ချဲ့ကားရေးသားထားခြင်းဖြစ်

လက်တွေ့စိစစ်ရာတွင်လည်း မှန်ကန်မှုမရှိဘဲ လက်ထောက်ကြီးကြပ်ရေးမှူး-၁ ရာထူးတာဝန်ယူ ထားသူသည် ပေးအပ်သည့် တာဝန်များကို ကျေပွန် စွာ လိုက်နာဆောင်ရွက်တတ်သူ တစ်ဦးပင်။ ဥပဒေ၊ နည်းပဒေနှင့်အညီ စနစ်တကျ အုပ်ချုပ်ထိန်းသိမ်း ပြုပြင်ပေးရသည့်နေရာတွင် တာဝန်ထမ်းဆောင်ရ သည့်အတွက် စကားပြောဆိုရာတွင် ပြတ်သားစွာ ပြောဆိုတတ်ခြင်းကို အကျဉ်းသားတချို့က ဝန်ထမ်း ၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ မဟုတ် မမှန် ပြောဆိုခြင်းများကို ချဲ့ကားရေးသားထားခြင်း သာ ဖြစ်သည်ကို စိစစ်တွေ့ရှိရသည်။

အလားတူ သာယာဝတီအကျဉ်းထောင်အတွင်း နိုင်ငံရေးအကျဉ်းသားများ ရိုက်နှက်တိုက်ပိတ်ခံရပါ သည် ဆိုသည်မှာလည်း မှန်ကန်မှုမရှိကြောင်း သိရ သည်။

ဖြစ်စဉ်အမှန်မှာ သာယာဝတီအကျဉ်းထောင် အတွင်း အမျိုးသားအိပ်ဆောင် အမှတ် (၄) အိပ်ဆောင် မှ အကျဉ်းသား ခုနစ်ဦးနှင့် အမှတ် (၅) အိပ်ဆောင်မှ အကျဉ်းသား သုံးဦး စုစုပေါင်း ၁၀ ဦးတို့သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်အထိ ပုံမှန်အတိုင်း ဘုရား ဝတ်ပြုခဲ့ကြသည်။ သို့သော် ဇန်နဝါရီ ၂၇ ရက်နေ့ ဘုရားဝတ်ပြုအချိန်များတွင် ဘာသာမဲ့ဟုဆိုကာ ထွက်၍ သီးခြားထိုင်နေသဖြင့် ယင်းအကျဉ်းသား များ၏ ထောင်ပုံစံ-၂၁ နှင့် ထောင်ပုံစံ-၃၂ တို့ကို တာဝန်ရှိသူများက ထုတ်ယူစစ်ဆေးရာ "ဗမာ၊ ဗုဒ္ဓဘာသာ" ဟု စာရင်းပေးသွင်းထားသည်ကို တွေ့ရှိရသည်။

ထိုသို့ စာရင်းပေးသွင်းမှုနှင့် ပြောဆိုလုပ်ဆောင်မှု သည် မကိုက်ညီဘဲဖြစ်နေသည့်အတွက် ထောင်၏ ဒုတိယတာဝန်ခံအရာရှိက အခြားအကျဉ်းသား၊ အကျဉ်းသူများ ဘုရားဝတ်ပြုချိန်တွင် ဘေးထွက် ထိုင်နေခြင်းသည် သဘာဝမကျသည့်အပြင် အခြား အကျဉ်းသားများ၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေကို ထိခိုက်နိုင်ခြင်း၊ အကျဉ်းထောင်၏ သမားစဉ် လုပ်ငန်းစဉ်နှင့် ဥပဒေနှင့်အညီ ပေးအပ်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို ချိုးဖောက်ရာ ရောက်ကြောင်းကိုသာ ပြောဆိုဆုံးမခဲ့သည်။ ထိုသို့ ပြောဆိုဆုံးမခဲ့သည့်အတွက် အကျဉ်းသား ၁၀ ဦးမှ ခြောက်ဦးသည် ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက် ခဲ့သည်။ သို့သော် ကျန်သည့် အကျဉ်းသား လေးဦးတို့ သည် လိုက်နာခြင်းမရှိခဲ့ပါ။ ယင်းအကျဉ်းသား လေးဦးတို့သည် ကျိုက်မရောနှင့် ဘားအံအကျဉ်း ထောင်တို့မှ စည်းပျက်အကျဉ်းသားများအဖြစ် သာယာဝတီအကျဉ်းထောင်သို့ ပြောင်းရွှေ့လာ ကြသူများလည်း ဖြစ်သည်။

ထိုသို့ လိုက်နာမှုမရှိခြင်းသည် အခြားအကျဉ်း သူ အကျဉ်းသားများပါ ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများကို ချိုးဖောက်လာနိုင်စေသည့် အတွက် အကျဉ်းထောင် လက်စွဲဥပဒေနှင့်အညီ ယင်းအကျဉ်းသား လေးဦးကို ဒေါက်ခြေကျင်းခတ်၍ သီးခြား တိုက်၌ ခုနစ်ရက်ထားသည့် ပြစ်ဒဏ်ချမှတ် ခဲ့သည်။ ဝိုင်းဝန်းရိုက်နှက်ခြင်းများ လုပ်ဆောင်ခဲ့ ခြင်း မရှိခဲ့ဟု သိရသည်။ ယင်းအကျဉ်းသား လေးဦးတို့သည် ဖေဖော်ဝါရီ ၂ ရက်တွင် အကျဉ်း ထောင်ဥပဒေကို မသိရှိခဲ့၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး အများနည်းတူ လုပ်ဆောင်မည်ဟု သတင်းပို့ တင်ပြ သဖြင့် ပြစ်ဒဏ်များကို ဖြေလျှော့ပေးခဲ့သည်မှာ အမှန်အခြေအနေဖြစ်သည်။

## မလိုလားသည့် အခြေအနေတစ်ခုကို ဖန်တီး

ဖြစ်စဉ် တစ်ခုလုံးကို အစအဆုံး အမှန်အတိုင်း ပြည်သူထံ မတင်ပြဘဲ ပြစ်ဒဏ်ချမှတ်ခြင်းကိုသာ အမှားရော၍၊ ကွက်၍ ဖော်ပြခြင်းသည် မလိုလား သည့် အခြေအနေတစ်ခုကို ဖန်တီးခြင်းပင်။ ထို့ကြောင့် ဆူဆူပူပူ၊ မတည်မငြိမ် ဖြစ်စေသည့် ရည်ရွယ်ချက်ကို အစဉ်ဂရုပြုရမည်ဖြစ်သည်။

သတင်းအမှားများကို တုံ့ပြန်ဖြေရှင်းခြင်းသည် ပိုမိုဂရုပြုမိလာစေပြီး ပိုမိုပျံ့နှံ့စေသည်ဟု ဆိုကြ သည်။ သတင်းအမှန်ဖြင့် တုံ့ပြန်ဖြေရှင်းသော်လည်း ယုံကြည်ပြီးသား အမှားကို လက်ခံမှုက များသည် ဟုလည်း ဆိုကြသည်။ မည်သို့ပင်ဖြစ်စေကာမူ နိုင်ငံ နှင့် လူမျိုး ပျက်စီးရာ ပျက်စီးကြောင်း ဖော်ပြလာ သည့် သတင်းတု၊ သတင်းမှားများကို သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မဟုတ်မှန်ကြောင်း၊ မှားယွင်းကြောင်း စိစစ်ထုတ်ဖော်ပြောဆိုရမည်ဖြစ် ပြီး သတင်းမှန်ဖြစ်ရပ်မှန်ကို အချိန်နှင့်တစ်ပြေးညီ ပြည့်စုံမှန်ကန်စွာ ပြည်သူထံ ပြန်လည်ပေးအပ်ရ မည်ဖြစ်သည်။ သို့ဖြစ်ရာ ပြည်သူများဘက်မှလည်း မြင်မိသမျှ၊ ကြားမိသမျှ သတင်းစာသား၊ ဓာတ်ပုံ၊ ရုပ်ပုံ၊ အသံ စသည်တို့ကို ဟုတ် မဟုတ်၊ မှန် မမှန်နှင့် ရည်ရွယ်ရင်းကို ဆန်းစစ်ဝေဖန်ကြရင်းဖြင့် သတင်းတု၊ သတင်းမှားများကို ပါဝင်တွန်းလှန်ကြရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

○ **မီဒီယာစွမ်းအားသည် လူအများကို လွှမ်းမိုးနိုင်စွမ်းရှိသည်၊ အင်အားကြီးမားသည်။ ထိုသို့ အစွမ်းထက်သည့် မီဒီယာကို လူတစ်ဦးတစ်ယောက်မှ အစပြုကာ နိုင်ငံတစ်ခု၏ ကံကြမ္မာအထိ ပြောင်းလဲသွားအောင် မီဒီယာလက်နက်အဖြစ် အသုံးချမှုများ ရှိနေသည်။ အားကောင်းသည့် မီဒီယာစီးကြောင်းတွင် လိုရာပုံဖော်ထားသည့် တင်ဆက်မှု မျိုးစုံကို တင်ပြကြသည်**

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသ ရောင်းချပွဲ ပြည်ထောင်စု၏အနှစ်သာရ ပြည့်စုံစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့

## ကျောင်းသား၊ လူငယ်များ၊ ဝန်ကြီးဌာနများမှဝန်ထမ်းများနှင့် ပြည်သူများစိတ်အေးချမ်းသာစွာဖြင့် တစ်ခဲနက်ပါဝင်ဆင်နွှဲခဲ့ကြ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် သက်ဆိုင်ရာကဏ္ဍများအလိုက် ပါဝင်ဆင်နွှဲခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။**



ယနေ့သည် ပွဲတော်နောက်ဆုံးနေ့ဖြစ်သည့်အတွက် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခင်းကျင်းပြသထားသည့် MSME ထုတ်ကုန်ပြခန်းများတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာကြည့်ရှုကြသူများဖြင့် အထူးစည်ကားလျက်ရှိပြီး ဒေသထွက် အဝတ်အထည်များ၊ လက်မှုပစ္စည်းများ၊ ရှားပါးတိုင်းရင်းဆေးဝါးများကို အမှတ်တရအဖြစ် ကြိတ်ကြိတ်တိုး ဝယ်ယူကြကာ တိုင်းရင်းသားရိုးရာ ဒေသထွက်အစားအသောက်များကို နှစ်ခြိုက်စွာ ဝယ်ယူအားပေးမှုများကြောင့် ပစ္စည်းများပြတ်လပ်သည်အထိ ရောင်းချခဲ့ရသည်ကို တွေ့မြင်ရသည်။

### အားအင်တစ်ခုဖြစ်စေခဲ့

ထို့ပြင် ယခုနှစ်ပွဲတော်သည် MSME ထုတ်ကုန်ပြခန်းများ ထည့်သွင်းထားခြင်းကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များ လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ၊ တစ်နိုင်တစ်ပိုင် MSME လုပ်ငန်းများ စတင်လုပ်ဆောင်ကြမည့် လုပ်ငန်းရှင်များ အထူးစိတ်ဝင်စားစွာဖြင့် လာရောက်လေ့လာခဲ့ကြပြီး တိုင်းရင်းသားလုပ်ငန်းရှင်များ အချင်းချင်းတွေ့ဆုံ၍လည်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာများ မျှဝေကြခြင်း၊ ပြည်တွင်း/ပြည်ပဈေးကွက်များသို့ မိမိတို့ လုပ်ကိုင်နေသည့်လုပ်ငန်းများအလိုက် လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြင့်မားတိုးတက်စေရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြခြင်း၊ လုပ်ငန်းများအလိုက် ကြုံတွေ့ရမည့်အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နည်းများကို အသိပညာချင်းဖလှယ်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြရာ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားအင်တစ်ခု ဖြစ်စေခဲ့သည့် ပွဲတော်ကြီးလည်း ဖြစ်သည်။

### လက်တွေ့သရုပ်ပြရှင်းလင်းဆွေးနွေး

ထို့အတူ ပြပွဲသို့ လာရောက်လေ့လာကြသည့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များနှင့်စိတ်ဝင်စားကြသည့် ပြည်သူများအတွက်လည်း နောက်ဆုံးပေါ် တီထွင်ဆန်းသစ်မှုနည်းပညာများနှင့် အရည်အသွေးမြင့် စက်ယန္တရားများ၏ ထူးခြားသာလွန်သော စွမ်းဆောင်ရည်များ၊ နိုင်ငံတကာအဆင့်မီ စက်ယန္တရားများ၊ ဝယ်ယူမှု၊ တပ်ဆင်မှုအကြောင်းအရာများနှင့် ဈေးကွက်စီးပွားရေး လိုအပ်ချက်များကို အနာဂတ်နည်းပညာများ အသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ဗဟုသုတ အကြောင်းအရာများကိုလည်း ပြခန်းများအလိုက် ကျွမ်းကျင်ဝန်ထမ်းများက ခင်းကျင်းပြသထားသည့် စက်ယန္တရားများဖြင့် လက်တွေ့သရုပ်ပြ ရှင်းလင်းဆွေးနွေးပေးခဲ့ရာ မြန်မာနိုင်ငံ၏ အနာဂတ်စက်မှု နည်းပညာကဏ္ဍကို တစ်ခေတ်ဆန်းသစ်ပေးတော့မည့် မြင်ကွင်းတစ်ခုလည်းဖြစ်သည်။

ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများကိုလည်း သက်ဆိုင်ရာ တိုင်းရင်းသားရိုးရာပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တိုင်းရင်းသားအဖွဲ့များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အထင်ကရနေရာများ၊ ဒေသတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များနှင့် ဒေသအလိုက် ရိုးရာအစားအစာများ အကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ကျောင်းသား၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြပြီး တိုင်းရင်းသားအဖွဲ့များဖြင့် ဂုဏ်ယူစွာ အမှတ်တရဓာတ်ပုံရိုက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ပွဲတော်လာပြည်သူများ MSME ထုတ်ကုန်များအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ပြခန်းတာဝန်ရှိသူများက ဒေသအလိုက်ထွက်ရှိသည့် ရိုးရာအစားအစာများ၊ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများ၊ One Region One Product ထုတ်ကုန်များ အပါအဝင် ပြည်ပသို့တင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်များ အကြောင်းကို ဗဟုသုတအဖြစ် အသေးစိတ်ရှင်းလင်း ပြောကြားပေးခဲ့ကြသည်။

### သီဆိုကခုန်ပါဝင်ဆင်နွှဲ

ပြခန်းများ၌လည်း အထူးပျော်ရွှင်စရာအစီအစဉ်အနေဖြင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက သက်ဆိုင်ရာ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ပေါ်လွင်စေသည့်သီချင်းများနှင့် မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့်သီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာပြည်သူများကလည်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ပျော်ရွှင်စွာ သီဆိုကခုန်ပါဝင်ဆင်နွှဲကြသည့် မြင်ကွင်းသည်လည်း တောင်ပေါ်မြေပြန့်မခွဲခြားဘဲ စည်းလုံးသည့်သွေးချင်းညီအစ်ကို စိတ်ထားကို အထူးပေါ်လွင်စေခဲ့သည်။

### ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိ

အလားတူ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထွက်ရှိသည့် MSME ထုတ်ကုန်များ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများနှင့် ရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိပြီး ချစ်ခင်နှစ်သက်မြတ်နိုးစွာဖြင့် ဝယ်ယူကြသူများဖြင့်လည်း စည်ကားလျက်ရှိရာ ဒေသအလိုက် ဆောင်ရွက်နေသည့် MSMEလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးမြှင့်တင်ပေးရာ ရောက်သည့် မြင်ကွင်းတစ်ခုလည်း ဖြစ်သည်။

ထို့ပြင် ပွဲတော်လာပြည်သူများ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် စိတ်အေးချမ်းသာစွာ မြည်းစမ်းစားသုံးနိုင်ရန်အတွက် ရိုးရာအစားအစာဆိုင်များ ဖွင့်လှစ်၍ သန့်ရှင်းလတ်ဆတ်စွာ ရောင်းချပေးလျက်ရှိရာ နှစ်ခြိုက်စွာ ဝယ်သူစားသုံးကြသည့် ပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့်ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ(**အပေါ်ပုံ**) ပြည်သူများပျော်ရွှင်စွာဖြင့် တစ်ခဲနက်ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့ပြင် ရောင်းချပွဲသို့ လာရောက်လေ့လာကြည့်ရှု ဝယ်ယူကြသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာမဖြစ်ပေါ်စေရန်အတွက် တာဝန်ရှိသူများက စနစ်တကျလုံခြုံရေး စစ်ဆေးဆောင်ရွက်ပေးခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကလည်း ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် ပွဲတော်သို့လာသည့်လမ်းများ၌ ကြီးကြပ်ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးဆေးပေးခန်းများ ဖွင့်လှစ်ထားရှိပေးခဲ့သည်။

### အနှစ်သာရပြည့်စုံ

အဆိုပါ ပွဲတော်ကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် MSME ထုတ်ကုန်အရောင်းပြခန်း ၃၄ ခန်း၊ ရိုးရာအစားအစာပြခန်း ၁၉ခန်းတို့ဖြင့် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက် အထိ ခင်းကျင်းပြသရောင်းချပေးခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာအထောက်အကူဖြစ်စေခဲ့ပြီး ဒေသထွက်ရိုးရာအစားအစာများကို တိုင်းရင်းသားပြည်သူလူထု စိတ်အေးချမ်းပျော်ရွှင်စွာ စားသုံးနိုင်ရန် ထုတ်လုပ် ရောင်းချနိုင်ခဲ့သည့်အတွက်လည်း ပြည်ထောင်စု၏ အနှစ်သာရပြည့်စုံခဲ့သည့် ပွဲတော်ကြီးတစ်ခုအဖြစ်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရှိရသည်။

**အောင်ရဲသွင်၊ ဓာတ်ပုံ – ဖိုးပြည့်စုံ**



တိုင်းရင်းသားရိုးရာပြခန်းများ၌ ကြည့်ရှုလေ့လာကြသူများကို တွေ့ရစဉ်။

# ကျွန်းစုမြို့နယ် ကဏန်းကျွန်းအရှေ့ဘက်ရေပြင်ရှိ ဆီတင်ဖော့တွင် ကုန်တင်စက်လှေတစ်စင်း ပေါက်ကွဲမှုဖြစ်ပွား၍ စက်လှေပေါ်ပါသူများအနက် ငါးဦး မီးလောင်ဒဏ်ရာများရရှိ

**ကျွန်းစု ဖေဖော်ဝါရီ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု ကဏန်းကျွန်းအရှေ့ဘက်ရေပြင်ရှိ ဆီတင်ဖော့တွင် ကုန်တင်စက်လှေတစ်စင်းပေါက်ကွဲမှု ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီ ၁၂ မိနစ်ခန့်က ဖြစ်ပွား၍ ငါးဦး မီးလောင်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။



စက်လှေပေါက်ကွဲမှုဖြစ်ပွားသည်ကို စီစီတီဗွီမှတ်တမ်းအရ တွေ့ရစဉ်။

ကုန်တင်စက်လှေပေါက်ကွဲမှုဖြစ်ပွားရာနေရာသို့ မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူး ဦးစန်းဦး ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များ၊ ရေကြောင်းရဲတပ်ဖွဲ့ဝင်များ၊ ပထော်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ကျွန်းစုမြို့နယ် သဘောင်းတောင်ကျေးရွာ၌နေထိုင်ကြသော မောင်ဝေယံဖြိုး (၁၃)နှစ်၊ ဦးဝင်းမိုး (၂၆)နှစ်၊ မောင်စိုးမင်းဦး (၁၄)နှစ်၊ ဒေါ်ဖြူစင်ဦး (၂၄)နှစ်၊ ဒေါ်မြဦး (၅၆) နှစ် စုစုပေါင်း အမျိုးသား တစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ ကလေး(ယောကျ်ားလေး) နှစ်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် မြိတ်မြို့ ရှင်သန်ခြင်းလူမှုရေးအသင်းနှင့် စိတ္တသုခလူမှုရေးအသင်းရှိ လူနာတင်ယာဉ်များဖြင့် မြိတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီ ၁၂ မိနစ်ခန့်က ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု ကဏန်းကျွန်း အရှေ့ဘက်ရေပြင်ရှိ ဝေယံဖြိုးနေတိုး ကုမ္ပဏီပိုင် ဆီတင်ဖော့တွင် ဦးသန်းဌေး (၆၃)နှစ် မြိတ်မြို့နေသူ ပိုင်ဆိုင်၍ ဦးဝင်းမိုး (၂၆)နှစ် (လှေလုပ်သား) မောင်းနှင်ပြီး ကုန်တင်စက်လှေပေါ်တွင် တစ်ရွာတည်းနေ အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦးတို့နှင့်အတူ ကလေး(ယောကျ်ားလေး) သုံးဦးတို့ လိုက်ပါလာသည့် အလျားပေ ၆၀၊ အနံ ၁၀ ပေ၊ သစ်သားကိုယ်ထည် လျှံဘုန်းနိုင်အမည်ရှိ ကုန်တင်စက်လှေသည် စက်လှေပေါ်ပါ ဆီပီပါများသို့ ဓာတ်ဆီများ လာရောက်ဖြည့်ပြီး ဆီပိုက်များ ဆွဲတင်ပြီးနောက် ပေါက်ကွဲမှု (စုံစမ်းဆဲ) ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ အရေးယူနိုင်ရေး သက်ဆိုင်ရာက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# လက်ရှိကာလ၌ ပြည်ပဈေးကွက်တွင် မတ်ပဲ ဝယ်လိုအား ပိုကောင်းနေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

လက်ရှိကာလ၌ ပြည်ပဈေးကွက်တွင် မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲမျိုးစုံများအတွင်း မတ်ပဲက ဝယ်လိုအား ပိုကောင်းနေကြောင်း မတ်ပဲ၊ ပဲတီစိမ်းနှင့် နှမ်းမျိုးစုံရောင်းဝယ်ရေး အသိုင်းအဝိုင်းမှ သိရသည်။

"လက်ရှိ ပဲတီစိမ်း၊ မတ်ပဲ ဝယ်လိုအား ရောင်းလိုအားနဲ့ ပြည်ပဈေးကွက်အခြေအနေက မတ်ပဲကိုတော့ ဘယ်သီးနှံမှ မမီသေးဘူး။ လက်ရှိအနေအထားအရ မတ်ပဲသီးနှံက နိုင်ငံခြားတင်ပို့မှု တိုက်ရိုက်ကောင်းနေတာဖြစ်တဲ့အတွက် ဝယ်လိုအားမှာ မတ်ပဲက အကောင်းဆုံးအနေအထားမှာတွေ့ရပါတယ်"ဟု ပဲကုန်သည်တစ်ဦးကပြောသည်။

ထို့ပြင် မတ်ပဲမှာ ဖေဖော်ဝါရီလပထမအပတ်အစ၌ ၃၅ သိန်းကျော်အထိ စံချိန်တင်မြင့်တက်ခဲ့ရာမှ ဈေးပြန်ကျလာကာ အိန္ဒိယမှ မြန်မာ့မတ်ပဲကို ဝယ်လိုအားကောင်းလျက်ရှိကြောင်းနှင့် ယခု ဖေဖော်ဝါရီလအတွင်း မတ်ပဲတန်ချိန်အများအပြား ဝယ်ယူရန်ရှိကြောင်း သိရသည်။

ထို့ပြင် ပဲစင်းငုံနီကို အိန္ဒိယဘက်ကလိုအပ်ချက်ရှိပြီး ဝယ်လိုအားကောင်းနေသဖြင့် ဈေးကွက်အတွင်း ဈေးကောင်းနေကြောင်း သိရသည်။

လက်ရှိကာလတွင် ပြည်တွင်းဈေးကွက်အတွင်း မတ်ပဲတစ်တင်းလျှင် ငွေကျပ်တစ်သိန်းတစ်သောင်းကျော်နှင့် ပဲတီစိမ်းတစ်တင်းဈေးနှုန်းမှာ ငွေကျပ်ခုနစ်သောင်းရှစ်ထောင်မှ ရှစ်သောင်းဝန်းကျင်ကြားရှိကြောင်း ပဲကုန်သည်အသိုင်းအဝိုင်းများထံမှ သိရသည်။ **သစ်တော်**



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးမျိုးညီညီ ဦးဆောင်သောအဖွဲ့ မြို့နယ်အတွင်းရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးများ၊ အဆောက်အအုံများကို ဖေဖော်ဝါရီ ၁၄ ရက်က မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။ အာကာလင်း

# သီပေါဒေသမှ ယာယီနေရပ်စွန့်ခွာသူ ဒေသခံများအား စောင်နှင့်အခင်းများ၊ အဝတ်အထည်များ ကူညီပံ့ပိုးပေး

**သီပေါ ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အနောက်ခြမ်းဒေသများမှ ယာယီနေရပ်စွန့်ခွာသူများ ဘုန်းတော်ကြီးကျောင်းများရှိ ခိုလှုံရေး



စခန်းများသို့ ရောက်ရှိခိုလှုံလျက်ရှိသည်မှာ ရက်ကာလရှည်ကြာနေပြီဖြစ်၍ ၎င်းတို့၏ စားဝတ်နေရေးအခက်အခဲမရှိစေရန် စေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက အခြေခံစားကုန်နှင့် ဟင်းချက်စရာ၊ လူ့အသုံးအဆောင်ပစ္စည်းများကို ကူညီပံ့ပိုးလှူဒါန်းလျက်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းတို့ ပံ့ပိုးကူညီမှုဖြင့် ပြည်နယ်ကြက်ခြေနီအသင်းက ကြီးကြပ်ကာ မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်နန်းခင်ညွန့်လှ၊ တပ်ခွဲမှူး ဦးစိုင်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်တွင် ပေါ်ကြိုကျေးရွာအုပ်စု ယာယီနေရပ်စွန့်ခွာခိုလှုံရေးစခန်း၌ အအေးဒဏ်ကာကွယ်နိုင်ရန် ခြုံစောင်အနွေးနှင့် အခင်းများ၊ အဝတ်အထည်များကို ကူညီပံ့ပိုးပေးအပ်ခဲ့သည်။

**စိုင်း(သီပေါ)**



ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးပြည့်စုံ ဦးဆောင်သောအဖွဲ့ မြို့နယ်အတွင်းရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးများ၊ အဆောက်အအုံများကို ဖေဖော်ဝါရီ ၁၄ ရက်က မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။ အာကာစိုး

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၂ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၂၅ ကျပ် | ၂၅၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၇၀ ကျပ် | ၂၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၈၅ ကျပ် | ၂၇၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၀၅ ကျပ် | ၂၈၅၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၁၁၀ | ၉၄၆၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၅၀ | ၄၂၃ | ၁၂၂၆၈၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၁ | ၁၅၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၂ | ၅၀၀၀ |
| EFR | ၁၈၀၀ | ၁၈၅၀ | ၄၁၀ | ၇၄၁၀၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၄ | ၇၀၀၀ |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်း ရပ်ကွက် အမှတ်-၁၄၀၊ ပါရမီလမ်း၊ မြေကွက်အမှတ် (၁၅၄၇/ခ)ဟု ခေါ်တွင်သော ဦးခင်မောင်ထွန်း(၁၂/ဗဟန(နိုင်)၀၀၉၉၇၁)အမည်ဖြင့်ချထားပေးသည့် အလျား ပေ(၂၀xအနံ ၆၀)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်သိန်း ၁၂/ဒလန(နိုင်)၀၃၂၇၃၉၊ ဦးနိုင်ဝင်း ၁၂/ဒဂတ(နိုင်)၀၂၉၇၇၀ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးအပ်ထားပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်အရေးဆိုရန်ရှိပါက (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ကျော်ပါက အရောင်းအဝယ်ကို အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးနေနိုင် (တရားလွှတ်တော်ရှေ့နေ စဉ်-၁၃၈၁၄)**
**အမှတ်- ၅၀ (ပထမထပ် B1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၅ ၁၆၉ ၀၇၉၊ ၀၉-၇၉၀ ၆၁၉ ၃၈၇**

## အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်(၃)၊ မြေကွက် အမှတ်(၁၀၅၃-ခ)၊ ရန်ပြေ(၁၈)လမ်း အနောက်၊ အမှတ်(၂၃)၊ ပေ(၂၀ x ၆၀)အကျယ်ရှိ ဦးဝင်းနိုင် အမည်ပေါက် ဂရန်မြေ၏တစ်စိတ်တစ်ဒေသဖြစ်သော ပေ(၁၀ x ၆၀)ခြေရင်းခြမ်းကို ဦးနေဝင်း ၁၂/သကတ(နိုင်)၀၄၂၈၀၀၊ ဒေါ်စိုးကလျာ ၁၂/သကတ(နိုင်)၀၄၀၂၆၈၊ ဒေါ်ကြည်ကြည်ခိုင် ၁၂/သကတ(နိုင်)၀၄၁၉၇၂ တို့ (၃)ဦးမှ မြေနှင့် မြေပေါ်ရှိ အဆောက်အအုံအား အတူတကွပိုင်ဆိုင်ကြောင်း ဥပဒေနှင့်အညီ သဘောတူစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါမြေကွက်သည် အထက်ပါပိုင်ဆိုင်သူ(၃)ဦးသာလျှင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်ထူးထူးလှိုင်(စဉ်-၁၁၃၈၂) တရားလွှတ်တော်ရှေ့ နေ**
**(ရုံး)အမှတ် - ၂၀၃၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**(အိမ်)အမှတ်(၁၄)၊ (၁၈)လမ်းအနောက်၊**
**၃ /ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၆၃၈၅၇**

## ဦးစိုးမြတ်သူ (ခ) ဦးမြတ်သူ သိစေရန်အကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ မင်းလမ်း၊ အမှတ် (၈) (ယခင်နေရပ်လိပ်စာ) [ယခုနေရပ်လိပ်စာမသိ] နေသူ ဦးစိုးမြတ်သူ (ခ) ဦးမြတ်သူ (ကန်ထရိုက်တာ) မြတ်နိုးသူ ဆောက်လုပ်ရေးထံ သက်သေခံအက်ဥပဒေပုဒ်မ-၆၆ နှင့်အညီ အောက်ပါအတိုင်း အကြောင်းကြားစာ ပေးပို့အပ်ပါသည်-

ဦးစိုးမြတ်သူ (ခ) ဦးမြတ်သူနှင့် ဒေါ်တင်တင်နု (ကွယ်လွန်) တို့ ၁၄-၂-၂၀၂၃ ရက်စွဲပါ မြေရှင်နှင့် ကန်ထရိုက်တာတို့၏ ဓာတ်လှေကားပါ (Penthouse) ပါဝင်သည့်အဆောက်အအုံသစ်ဆောက်လုပ်ရန် နှစ်ဦးသဘောတူကတိစာချုပ်" ချုပ်ဆိုပြီးနောက် ဦးစိုးမြတ်သူ(ခ)ဦးမြတ်သူက ဒေါ်တင်တင်နုထံမှ အောက်ပါ စာရွက်စာတမ်းများကို လက်ခံရယူသွားခြင်းဖြင့် လက်ရှိဖြစ်နေပြီး ဒေါ်တင်တင်နုထံတွင် ဓာတ်ပုံမိတ္တူများသာ ကျန်ရှိခဲ့ပါသည်။

(၁) ၁၇-၁၂-၂၀၁၃ ရက်စွဲပါ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုကြောင်း အကြောင်းကြားသည့်စာ။
(၂) ၃၀-၁၁-၇၁ ရက်စွဲပါ ၁၉၇၆/၇၇-ခုနှစ်တွင် ရေးကူးထားသည့် မြေပုံမြေရာဇဝင်။
(၃) ဦးလှနှင့် ဒေါ်တင်တင်နုတို့ပြုလုပ်ထားသည့် ၂၃-၆-၇၁ ရက်စွဲပါ DEED OF SALE စာရွက်။
(၄) ဦးလှနှင့် ဒေါ်တင်တင်နုတို့ပြုလုပ်ထားသည့် ၂၁-၅-၇၁ ရက်စွဲပါ SALE AGREEMENT စာရွက်။
(၅) အချင်းဖြစ်မြေကွက်၏ ၂၀-၁၁-၇၈ နှင့် ၁၀-၇-၇၉ ရက်စွဲပါ မြေပုံမြေရာဇဝင်စာရွက်။
(၆) အခွန်ထမ်းအမည် ဒေါ်တင်တင်နု၏ (၂၀၁၁/၂၀၁၂) ခုနှစ် (အောက်နိုဒီ) စည်းကြပ်ကာလအတွက် အခွန်အခပြေစာ စာရွက်။

ဦးစိုးမြတ်သူ (ခ) ဦးမြတ်သူနှင့် ဒေါ်တင်တင်နုတို့ချုပ်ဆိုထားသော ၁၄-၂-၂၀၁၃ ရက်စွဲပါ ကတိစာချုပ်၊ ဦးစိုးမြတ်သူ (ခ) ဦးမြတ်သူနှင့် ဒေါ်ညိုမာဝင်း တို့ပြုလုပ်ခဲ့သည့် ၆-၁၂-၂၀၁၉ ရက်စွဲပါ ကတိစာချုပ်တို့နှင့်ပတ်သက်ပြီး ဒေါ်ညိုမာဝင်းက တရားလိုပြုလုပ်ကာ"သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ-၃၉ နှင့်အညီ စာချုပ်များကိုပယ်ဖျက်၊ ဖျက်သိမ်းပေးစေလိုမှုနှင့် စာရွက်စာတမ်းမူရင်းများကို ပြန်လည်လက်ရောက်ရလိုမှု"အဖြစ် မရမ်းကုန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် (၈၃၂/၂၀၂၂) တွင် စွဲဆိုထားသည်ကိုလည်း ဦးစိုးမြတ်သူ (ခ) ဦးမြတ်သူသိရှိပြီးဖြစ်ပါသည်။

ထို့ကြောင့် တရားမကြီးမှုအမှတ် (၈၃၂/၂၀၂၂) တွင် အထက်ပါအမှတ်စဉ် (၁ မှ ၆) အထိ စာရွက်စာတမ်းမူရင်းများနှင့် ဓာတ်ပုံမိတ္တူတို့ကို တိုက်ဆိုင်စစ်ဆေးပြီး ဓာတ်ပုံမိတ္တူတို့ကို သက်သေခံတင်သွင်းလိုပါ၍ ယင်းစာရွက်စာတမ်းမူရင်းများအား ရုံးတော်မှ ချိန်းဆိုထားသည့် ၂၂-၂-၂၀၂၄ ရက် ညနေ (၃) နာရီတွင် ရုံးတော်ရှေ့သို့ ယူဆောင်တင်ပြပေးပါရန် သက်သေခံအက် ဥပဒေ ပုဒ်မ-၆၆ နှင့်အညီ အကြောင်းကြားအပ်ပါသည်။

ဦးစိုးမြတ်သူ (ခ) ဦးမြတ်သူမှ အဆိုပါစာရွက်စာတမ်းမူရင်း (၆) မျိုးကို လာရောက်ယူဆောင်တင်ပြခြင်း မပြုပါက သက်သေခံအက်ဥပဒေပုဒ်မ-၆၅ (က) နှင့်အညီ ဓာတ်ပုံမိတ္တူ (တဆင့်သက်သေခံချက်)များကို သက်သေခံတင်သွင်းသွားမည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

**တရားမကြီးမှုအမှတ် (၈၃၂/၂၀၂၂) အမှုမှ တရားလို၏ရှေ့နေများ**

| | |
|---|---|
| **ဦးဌေးဦး (ကြို့ပင်ကောက်)** | **ဒေါ်ခင်ညိုဝင်း** |
| **(LL.B)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်- ၅၉၈၈/၂၅-၁-၁၉၉၃)** | **စဉ်-၅၈၃၁/၂၉-၁-၁၉၉၂)** |
| **ရုံး-၅၆၁ (ပထမထပ်)၊ ကုန်သည်လမ်း** | **ရုံး-၅၆၁ (ပထမထပ်)၊ ကုန်သည်လမ်း** |
| **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| **Ph:09-420107898** | **Ph:09-254382428** |

## ဆွမ်းချက်ကန်ထရိုက်ခေါ်ယူခြင်း

၁။ မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီးတွင် တရားစခန်းဝင်သံဃာတော်၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီး ယောဂီများအား ကျွေးမွေးရန် ဆွမ်းချက်ကန်ထရိုက်ခေါ်ယူလိုပါသည်။ လျှောက်လွှာကို ၂၅-၃-၂၀၂၄ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ပါသည်။

၂။ အသေးစိတ်ကို သိရှိလိုပါက အဖွဲ့ချုပ်ရုံးခန်းတွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်မေးမြန်းရန်- ဖုန်း-၀၁ ၅၄၁၈၆၀၊ ၀၁ ၅၄၆၄၆၆၊**
၀၁ ၈၆၀၃၅၄၄၊ ၀၉-၇၇၁၃၁၇၇၇၈

**အမှုဆောင်အဖွဲ့**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ဈေးပိုင်းရပ်ကွက်၊ ဈေးပိုင်းကွင်း၊ ရပ်(၂)၊ ဦးပိုင်အမှတ် (၃၇)၊ နဝရတ်ကိုးသွယ်လမ်း၊ အမှတ် (၁၃၇)၊ ဧရိယာ ၀ ဒသမ ၀၅၂၅ ဧကရှိ ဦးမြင့်သိန်းဝင်း အမည်ပေါက် နှစ်(၉၀)ဂရန် မြေကွက်ကြီးထဲမှတရားဝင်ခွဲ စိတ်ရခြင်းမပြုရသေးသော မျက်နှာမူ ဘယ်ဘက်ခြမ်း ဧရိယာ (၂၅ x ၅၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုးတိုက်ခံတစ်ထပ်အိမ်တစ်လုံးနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်သည့် ဦးသီဟထွန်း ၇/သနပ(နိုင်)၁၃၇၉၄၅၊ မဆက်လန်းပွင့်ဖြူ ၇/သနပ(နိုင်)၁၅၇၃၃၃ နှင့် ကိုဇော်လင်းထက် ၇/သနပ(နိုင်)၁၈၀၃၆၆ တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ၁၁-၂-၂၀၂၄ ရက်စွဲပါ အရောင်းအဝယ်စာချုပ်ဖြင့်အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်လက်ရှိထားနေထိုင်လျက်ရှိကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးသန့်ဇော်ခန့်(LL.B,D.B.L)** | **ဒေါ်ရှင်မှူးလ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၂၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၅၈)** |

**ဖုန်း-၀၉-၉၅၃၀၀၄၁၈၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် – ၅၊ နည်းဥပဒေ-၁ နှင့် ၅)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉၀

၁။ ဦးနိုင်ဝင်းထွန်း **နှင့်** ဦးသိန်းဟန်
၂။ ဦးစိန်သောင်း
**တရားလိုများ** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၈- ရပ်ကွက်၊ အဲမွန်ဒြာလမ်း၊ အမှတ် ( ၆၇၂ )နေ တရားပြိုင်ဦးသိန်းဟန် (ယခု နေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အိမ်နှင့်မြေမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၁ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မင်းထွန်း)**
**ခရိုင်တရားသူကြီး**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း
## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂
## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၃

ဒေါ်သီတာဆွေ **နှင့်** ၁။ ဒေါ်မြင့်ဆွေ
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်မြင့်မြင့်သန်း) ၂။ ဒေါ်သန်းသန်းဆွေ
**တရားနိုင်** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇန ဥယျာဉ်မြို့တော်၊ (၁၀)လမ်း၊ အခန်း(၁၀၃)၊ တိုက်(၂၈)တွင် အတူနေသူ တရားရှုံးများဖြစ်ကြသော ဒေါ်မြင့်ဆွေနှင့် ဒေါ်သန်းသန်းဆွေ (ယခုနေရပ်လိပ်စာ မသိသူ)တို့ သိစေရမည်။

၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၃ တွင် ရရှိခဲ့သည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်သီတာဆွေ(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မြင့်မြင့်သန်း)က လျှောက်ထားသည်ဖြစ်၍ သင်ကမည်သည့် အကြောင်းကြောင့် ဤလျှောက်လွှာအတိုင်း အတည်အမိန့်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းပြရန် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေ (သို့) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ (၁၀)နာရီအတွင်း ဤရုံးတော်ရှေ့ လာရောက်ရမည်။ (မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။)

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆွေလှိုင်နန်း)**
**တွံ့တေးမြို့နယ်တရားသူကြီး(၂)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**




## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

